# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၂၄)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မိမိတို့အနာဂတ် အခြားသူမဆုံးဖြတ်နိုင်ဖို့ နိုင်ငံသားတိုင်း ဆန္ဒမဲပေးကြပါစို့။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သောအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသော အထူးလေယာဉ်သည် ယနေ့ညပိုင်းတွင် မြန်မာနိုင်ငံလေပိုင်နက်အတွင်းသို့စတင်ဖြတ်သန်းဝင်ရောက်လာရာ မြန်မာ့တပ်မတော်(လေ)မှ စတုတ္ထမျိုးဆက်လွန် Su-30 SME ဘက်စုံသုံးအကြီးစားဂျက်တိုက်လေယာဉ် ၃ စီးက လိုက်ပါခြံရံပျံသန်းကြိုဆိုခဲ့ပြီး နေပြည်တော်တပ်မတော်လေဆိပ်သို့ ရောက်ရှိဆင်းသက်သည်။

လေဆိပ်သို့ရောက်ရှိစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ ဦးဆောင်သည့်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၅ ကော်လံ ၁ ⇨**



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သည့်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုဆိုနှုတ်ဆက်စဉ်။

**ဆောင်းပါး**

## ရွေးကောက်ပွဲနှင့် ကျွန်ုပ်တို့ထမ်းဆောင်ရမည့်တာဝန်နှစ်ရပ်

စာ – ၉ သို့

## ရန်ကုန်မြို့တွင်ကျင်းပသည့် မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်သို့ နှစ်နိုင်ငံဘက်မှ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့်လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေး

စာ – ၁၆ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်)

# မြန်မာ-ဘယ်လာရုစ်ချစ်ကြည်ရင်းနှီးမှုခရီးစဉ်

မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိသည့်နိုင်ငံဖြစ်ပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်။ နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။ မြန်မာနိုင်ငံအနေဖြင့် ချမှတ်ထားသော နိုင်ငံခြားရေးမူဝါဒအတိုင်း တိကျစွာလိုက်နာကျင့်သုံးနေသည့်အတွက် မိတ်ဆွေနိုင်ငံများလည်း ပေါများသည်။ မြန်မာတို့၏အစဉ်အလာဆုံးမစာများတွင် မိတ်ဆွေနှင့်ပတ်သက်၍ "ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ ကျင့်လေမိတ်သဟာ" ဟူ၍ ဖော်ပြထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ချစ်ကြည်ရေးခရီးလာရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ဦးဆောင်သောအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် တပ်မတော်လေဆိပ်သို့ နိုဝင်ဘာလ ၂၇ ရက်ကရောက်ရှိလာရာ တာဝန်ရှိသူများနှင့် မြန်မာပြည်သူများက နှစ်နိုင်ငံအလံများ ဝေ့ယမ်း၍လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုအား မြန်မာနိုင်ငံမှ လှိုက်လှဲစွာကြိုဆိုပါ၏ဟု ရေးသားဖော်ပြကြိုဆိုထားသည့် LEDပိုစတာကြီးများစိုက်ထူခြင်းဖြင့်လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။ နှစ်နိုင်ငံမှာ ပထဝီဝင်အနေအထားအရဝေးသော်လည်း သံတမန်ဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများရှိသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်။ မြန်မာနှင့်ဘယ်လာရုစ်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင်စတင်ခဲ့ပြီး အပြန်အလှန်ယုံကြည်မှုနှင့်နားလည်မှုကို အခိုင်အမာတည်ဆောက်နိုင်ခဲ့သည်။ ဘယ်လာရုစ်နိုင်ငံသည် စိုက်ပျိုးရေးတွင် အောင်မြင်အောင်စိုက်ပျိုးဖြစ်ထွန်းမှုမှာ အတုယူဖွယ်ဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံသော မြန်မာနိုင်ငံတွင် ခေတ်မီစိုက်ပျိုးရေးစနစ်များလိုအပ်သည်။ မြန်မာနိုင်ငံ၏ ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍတစ်ခုဖြစ်သည့် ဓာတ်မြေဩဇာထုတ်လုပ်မှုတွင် ဘယ်လာရုစ်နိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် ရေမြေတောတောင်သဘာဝကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို နိုင်ငံတော်၏ အဓိကကုန်ထုတ်လုပ်ငန်းများအဖြစ် မြှင့်တင်လျက်ရှိသည်။ ကမ္ဘာတွင်ဆန်တင်ပို့မှုအဓိကထိပ်တန်းနိုင်ငံများတွင် မြန်မာနိုင်ငံပါဝင်သလို ပဲတင်ပို့မှုတွင် ဒုတိယအမြင့်ဆုံးနိုင်ငံဖြစ်သည်။ အဆိုပါကုန်ထုတ်လုပ်ငန်းများမှ ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက်လည်း သတင်းအချက်အလက်နည်းပညာပိုင်းတွင် ရှေ့တန်းရောက်ရှိနေပြီဖြစ်သည့် ဘယ်လာရုစ်နိုင်ငံနှင့် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ပြီး စက်မှုလယ်ယာစနစ်ဖြင့် Smart Agriculture အဆင့်မြှင့်တင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတော်အကြီးအကဲအနေဖြင့် ဇွန်လ ၂၅ ရက်တွင် EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E.Mr. Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့သည်။ ဇွန်လ ၂၆ ရက်တွင် မင့်စ်မြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်သို့တက်ရောက်ခဲ့ပြီး ဇွန်လ ၂၇ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့် မင့်စ်မြို့ရှိ သမ္မတနန်းတော်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက **"မြန်မာနှင့်ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကိုဆောင်ရွက်သွားရန် အထူးစိတ်ဝင်စားမှုရှိပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်ချက်မြေပုံ (Action Plan)ကို နည်းဗျူဟာ၊ မဟာဗျူဟာကျကျရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတွင် နိုင်ငံရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခန်းကဏ္ဍတို့တွင်သာမက စီးပွားရေးအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်လည်း မိမိအနေဖြင့်ဆန္ဒရှိကြောင်းကိုပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်မှုများကိုလုပ်ဆောင်သွားရန် ဘယ်လာရုစ်နိုင်ငံအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတော်အကြီးအကဲက ပြန်လည်ပြောကြားရာတွင် **"ယခုကဲ့သို့ စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(Eurasian Economic Forum 2025-EEF 2025)အား အိမ်ရှင်အဖြစ်ကျင်းပနေချိန် လုပ်ငန်းတာဝန်များ များပြားသည့်ကြားမှ လက်ခံတွေ့ဆုံဆွေးနွေးရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ်တွင် ဘယ်လာရုစ်နိုင်ငံအနေဖြင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များ အမြန်ဆုံးစေလွှတ်ပေးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းနှင့် လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပံ့ပိုးပေးခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိသည်ကို မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများကိုယ်စား ထပ်လောင်းပြောကြားလိုပါကြောင်း"** ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင်လည်း နှစ်နိုင်ငံစလုံးကောင်းကျိုးစီးပွားများပြားစေမည့် ကဏ္ဍပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံမှုများတိုးပွားစေမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းသာယာမှု၊ ဘာသာသာသနာအတွက် စိတ်တည်ငြိမ်အေးချမ်းမှုများကို ဧည့်သည်တော်သမ္မတကြီးကိုယ်တွေ့ခံစားရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံချစ်ကြည်ရေးသည် ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲပြီး ပိုမိုတိုးတက်နေမည်ဟုယုံကြည်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**

**ရက်ပေါင်း**

**၃၀**

**သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်

ကျိုက်မရော နိုဝင်ဘာ ၂၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်သင်တန်းကို နိုဝင်ဘာလ ၂၆ ရက် နံနက်ပိုင်းက ကျိုက်မရောမြို့အခြေခံပညာအထက်တန်းကျောင်း ပညာအားမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးကိုကိုလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဥပဒေအရာရှိ ဒေါ်မြင့်သက်ထွေးက ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ရေးဥပဒေ၊ မဲရုံမှူးများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သင်ကြားပို့ချသည်။

ထို့နောက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်ချက်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ ဒေါ်စန္ဒာဝင်းက ရှင်းလင်းပို့ချသည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၅၆ ဦးဖြင့် နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၆)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၁-၂၀၂၅(သောကြာနေ့)

| | |
|---|---|
| ၁။ ၀၆:၀၀ တရားတော် | ၉။ ၁၇:၀၀ သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၂။ ၀၈:၀၀ မျိုးချစ်တပ်မတော် | ၁၀။ ၁၈:၂၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ** |
| ၃။ ၁၀:၀၀ သီချင်းလက်ဆောင် | ၁၁။ ၁၈:၃၀ **(၃၈)ဖြာမင်္ဂလာ သိပ္ပံ** |
| ၄။ ၁၁:၀၀ အတွေးအမြင် | ၁၂။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်** |
| ၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု | ၁၃။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး | |
| ၇။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ | |
| ၈။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင် | |

**MWD Variety Channel**

၂၈-၁၁-၂၀၂၅ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း |
| ၂။ | ၁၀:၃၀ | ကျန်းမာသောဘဝ |
| ၃။ | ၁၂:၄၀ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၄။ | ၁၄:၃၅ | သောတဆင်စရာ တေးမြန်မာ |
| ၅။ | ၁၇:၄၅ | Countries of the World |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက်အမှတ် (၁၅ / ၂၀၂၅)

၁။ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရေးအတွက် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂၆-၁၁-၂၀၂၅ ရက်စွဲပါ၊ အမိန့်အမှတ် (၁၀/၂၀၂၅) ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှား စီရင်ခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား /အကျဉ်းသူ ၇၂၄ ဦးတို့ကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအား လျှော့ပေါ့၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ပြီး၊ အမိန့်အမှတ် (၁၁/၂၀၂၅) ဖြင့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှား စီရင်ခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၂၃၆၁ ဦးကို ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့် ပြုခဲ့ပါသည်။ ထို့ပြင် အမိန့်အမှတ် (၁၂/ ၂၀၂၅) ဖြင့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံရသူ ၅၅၈၀ ဦးတို့၏ ကြားနာစစ်ဆေးဆဲ အမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် အမိန့်များ ထုတ်ပြန်ခဲ့ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၂၁ တွင် "လူတိုင်းပါဝင်၍ တန်းတူညီမျှ ဆန္ဒမဲပေးနိုင်ခွင့်ရှိပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ အချိန်ကာလအပိုင်း အခြားအလိုက် ကျင်းပသော စစ်မှန်သည့် ရွေးကောက်ပွဲများတွင် အဆိုပါ ဆန္ဒကို ဖော်ထုတ်ရမည်" ဟုဖော်ပြပါရှိပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၈ (က) တွင် "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားပါသည်။

၃။ ယခုကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ အမှုမှလွှတ်ရန် အမိန့်များထုတ်ပြန်ခဲ့ခြင်းတို့ကြောင့် လွတ်မြောက်လာသူများသည် ယင်းတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်လာကြကာ မိမိတို့၏ဆန္ဒသဘောထားများကို လွတ်လပ်စွာ ထုတ်ဖော်ပြသခွင့်ရရှိကြမည်ဖြစ်ပါသည်။ ထို့ပြင် ပုဒ်မ ၅၀၅-က ပြစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူများသည် မိသားစုနှင့် ပြန်လည် ပေါင်းစည်းခွင့်ရရှိပြီး စိတ်အေးချမ်းစွာ ဆန္ဒမဲပေးပိုင်ခွင့်ရရှိကြမည် ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအတွက် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊ အကြံပြုတိုက်တွန်းချက်များပေးပို့ခြင်းတို့ ဆောင်ရွက်လျက်ရှိရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့အတွက် ထည့်သွင်းစဉ်းစားရာ၌ ပြစ်မှုအားလုံး တန်းတူပါဝင်စေရေး အကြံပြုချက်လည်း ပါဝင်ခဲ့ပါသည်။ ယခုကဲ့သို့ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များရရှိလာစေသည့်အတွက် နိုင်ငံတော်မှ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က နှင့်စပ်လျဉ်းသည့် အမှုများအပေါ် လွတ်ငြိမ်းသက်သာခွင့်အမိန့်များ ထုတ်ပြန်ခဲ့မှုကို ဝမ်းမြောက်စွာကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၈၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိ

**မန္တလေး နိုဝင်ဘာ ၂၇**

မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅ – ကအရ အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူများကို ယနေ့တွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်ရာ မန္တလေးမြို့ရှိ ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၈၅ ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့ကြသူများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းတို့က ယနေ့နံနက်ပိုင်းတွင် မန္တလေးဗဟိုအကျဉ်းထောင်၌ တွေ့ဆုံ၍ ဆုံးမသြဝါဒစကားများ ပြောကြားခဲ့သည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လုပ်အားခ ဆုငွေနှင့် စားစရိတ်၊ ခရီးစရိတ်ပေးအပ်ခြင်း တို့ကို စနစ်တကျဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

ယနေ့ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်း က "ဒီနေ့လွှတ်တာကတော့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် မဲပေးပိုင်ခွင့်ရှိတဲ့သူတွေ မဲပေးပိုင်ခွင့်မဆုံးရှုံးစေဖို့ဆိုတာလည်း အမိန့်စာမှာပါဝင်ပါတယ်။ အခုလို လွတ်မြောက်လာကြသူတွေနဲ့ ကျွန်တော်တို့တွေဟာ အတူတကွ မိသားစု၊ ညီအစ်ကိုမောင်နှမတွေလို နေထိုင်ဆက်ဆံလာကြတာပါ။ သူတို့တွေက စည်းကမ်းတကျ နေထိုင်လာကြတဲ့သူတွေလည်းဖြစ်ပါတယ်။ အခုလိုလွတ်မြောက်တဲ့အပေါ်မှာသူတို့လည်း ပျော်ရွှင်သလို ကျွန်တော်တို့လည်း ပိုပြီး ပျော်ရွှင်ပါတယ်။ ဝမ်းသာပီတိဖြစ်မိပါတယ်။ သူတို့အတွက်လည်း စားစရိတ်၊ ခရီးစရိတ် တွေထောက်ပံ့ပေးအပ်ပါတယ်။ သူတို့တွေ အနေနဲ့လည်း ဆက်လက်ပြီး နိုင်ငံ့အကျိုးအတွက် ကျရာနေရာကနေ ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြလိမ့်မယ်လို့လည်း ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်" ဟု ပြောသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူတစ်ဦးကလည်း "အခုလိုလွတ်ငြိမ်းခွင့်ရတဲ့အတွက် အလွန်ကိုဝမ်းသာပါတယ်၊ ဒီလိုလွတ်မြောက်မယ်လို့ မိသားစုတွေကလည်း ကြိုတင်သိရှိထားခြင်းမရှိပါဘူး။ ဒါပေမဲ့ သိရှိပြီးတဲ့အချိန်မှာပဲ မိသားစုတွေက လာရောက်ကြိုဆိုနေကြပါပြီ။ အခုလိုမိသားစုနဲ့ ပြန်လည်ဆုံစည်းခွင့်ပေးတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။ သူငယ်ချင်းတွေလည်း လွတ်မြောက်တဲ့အထဲ ပါဝင်တဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်" ဟုပြောသည်။

ယနေ့တွင်မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင် ၅ ထောင်မှ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၂၆၅ ဦး ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

# ရခိုင်ပြည်နယ်အတွင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် စစ်တွေအကျဉ်းထောင်နှင့် ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၆ ဦးလွတ်မြောက်

**စစ်တွေ နိုဝင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၏ အမိန့်အမှတ် ၁၀/၂၀၂၅ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ရခိုင်ပြည်နယ် အတွင်းရှိ စစ်တွေအကျဉ်းထောင်နှင့် ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၆ ဦး လွတ်မြောက်ကြောင်း သိရသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေး ကောင်စီသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အမှတ် ၁၀/၂၀၂၅ ဖြင့် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ စနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး အတွက် အဓိကထားဆောင်ရွက်လျက် ရှိသည့်အားလျော်စွာ ပြည်သူလူထုပူးပေါင်း ဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ် ဆောင်ရွက်လျက်ရှိပြီး မကြာမီကျင်းပတော့ မည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက်ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကအရ ပြစ်မှုထင်ရှားစီရင်ခံရပြီး ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ " နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် " ဟူသော စည်းကမ်း သတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန် ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းဖြစ် သည်။



ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၇ ဦး၊ အကျဉ်းသူ ၁ ဦး၊ ကျောက်ဖြူအကျဉ်းထောင် မှ အကျဉ်းသား ၅ ဦး၊ အကျဉ်းသူ ၃ ဦး စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၁၆ ဦး လွတ်မြောက်ကြောင်းသိရသည်။

အဆိုပါလွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်းနှင့် မိတ်ဆွေများ က ပျော်ရွှင်စွာကြိုဆိုကြကြောင်း သိရ သည်။

**တင်ထွန်း(ပြန်/ဆက်)**

# အရိပ်

**မစန္ဒာ**



**ယမန်နေ့မှအဆက်**

'သူ့အဖေက အမတ် မဟုတ်လား'

ခင်မာထွေး၏ဘေးမှ ခင်ခင်လှက ဝင်မေးသည်။ သက်သက် မျက်မှောင်ကုတ်သွားလေသည်။

'ဘယ်သူ့အဖေလဲ'

'စုစုလှိုင်ရဲ့အဖေလေ၊ ပ ထ စ အမတ် မဟုတ်လား'

'ဟင့်အင်း သိဘူး၊ သူဌေးဆို'

'သူဌေးလည်း သူဌေး၊ အမတ်လည်း အမတ်၊ ယူကလည်း ခုံချင်းယှဉ်ထိုင်နေပြီး မသိဘူးလား'

'ဟင့်အင်း'

သက်သက်က မျက်လုံးအဝိုင်းသားနှင့် ခေါင်းယမ်းပြသည်။ သူ့ခမျာ အမှန်တကယ်ပင် မသိရှာခြင်းဖြစ်သည်။ သူတို့အတန်းတွင် ခုံနေရာများ တစ်လတစ်ခါပြောင်းသည်။ စာမေးပွဲတွင်ရသော အဆင့်အလိုက် ခုံများကို နေရာချပေးသည့်အတွက်ဖြစ်သည်။ အတန်းတွင်း၌လည်း လစစ်စာမေးပွဲ မှန်မှန်ရှိ၍ သက်သက်တို့သည် တစ်လတစ်ခါ နေရာပြောင်းကြရသည်။ ထိုစနစ်အရ အတန်းထဲဝင်လျှင် မည်သူက စာတော်ကြောင်း တန်းသိနိုင်သည်။ ပထမတန်းညာဘက်အစွန်ခုံတွင် ပထမရသူကထိုင်ပြီး တဖြည်းဖြည်း အဆင့်အလိုက်စီသွားခြင်းဖြစ်သည်။ ယခုလစစ်တွင် စုစုလှိုင်က အဆင့် ၃၊ သက်သက်က အဆင့် ၄ ရ၍ ခုံချင်းကပ်ထိုင်ရခြင်းဖြစ်သည်။ ထိုင်ရသည်မှာ လေးရက်ခန့်သာရှိသေး၍ စုစုလှိုင်၏အကြောင်းကို သက်သက် ဘာမျှမသိသေးချေ။ ထို့ပြင် သူသည် ယခုနှစ်မှ သက်သက်တို့ကျောင်း ရောက်လာသော လူသစ်ဖြစ်သည့်အတွက် ယခင်တုန်းကလည်း မပေါင်းသင်းဖူးချေ။

'အမတ်ပေမယ့် ခါတော်မီအမတ်ပါ၊ နိုင်ငံရေးခံယူချက်လည်း ရှိတာမဟုတ်ဘူးတဲ့၊ တော်လှန်ရေးတွေ ဘာတွေတုန်းကလည်း ပါဖူးတာမဟုတ်ဘူး၊ သူများတွေ တိုင်းပြည်အတွက်တိုက်နေတုန်းက သူတို့အဖေက ဆန်တွေလှောင်ပြီး ဈေးကြီးနဲ့ရောင်းနေတာတဲ့၊ ခုကျတော့ ဒီလိုလူ အမတ်တက်ဖြစ်နေတာ ကောင်းသလားဆိုပြီး ဖေဖေတို့ပြောနေသံကြားဖူးတာပဲ'

အလုပ်ပြီးစီးသွားသော ခင်မာထွေးက ယခုမှ စကားပြောနိုင်တော့သည်။

'ရှူး ဟိုမှာလာနေပြီ'

ခင်ခင်လှက လက်ကုတ်သောအခါ ခေါင်းလေးပုပြီး စကားရပ်သွားလေသည်။ စုစုလှိုင်သည် အခန်းတွင်းသို့ ခပ်ဖြည်းဖြည်းဝင်လာသည်။ ဆရာမလည်း မရောက်သေးသဖြင့် ကျောင်းနောက်ကျကြောင်း ခွင့်တိုင်စရာမလိုဘဲ သူ့နေရာသို့သူတန်းပြီးလျှောက်လာသည်။

အဆင့် ၁၂ သာရသော အမာညို၏ခုံသည် သက်သက်နှင့် အတော်လေးလှမ်းလေသည်။ သို့သော် ကိုယ်ကိုစောင်းပြီးနားထောင်လျှင် သူတို့ပြောသော စကားများကိုကြားရသည်။ ထို့ကြောင့် စုစုလှိုင်၏ အဖေအကြောင်းကို သိလိုက်ရသည်။ အမာညိုနှင့် သက်သက်သည် အငြင်းအခုံ ဆော့ကစားသန်လှသော်လည်း နှစ်ဦးစလုံး သိပ်ပြီးမစပ်စုတတ်ကြပေ။ ထို့ကြောင့် စုစုလှိုင်၏မိဘအကြောင်းကို တခြားသူများသိကြသော်လည်း သူတို့က မသိခြင်းဖြစ်သည်။

'ဒါပေမဲ့ အခုတော့ အမတ်ဘယ်ဟုတ်တော့မလဲနော်'

အမာညိုသည် သူ့ဘေးမှမသန်းအေးကိုလှည့်ပြီး တိုးတိုးလေးပြောလိုက်သည်။ မသန်းအေးက မျက်ခုံးနှစ်ဖက်ကိုပင့်ပြီး တိုးတိုးပြန်မေးသည်။

'ဘာဖြစ်လို့လဲ'

'တော်လှန်ရေးကောင်စီတက်ပြီလေ'

'အေး ဟုတ်သားပဲ'

မသန်းအေးက ခေါင်းညိတ်သည်။

ထိုစဉ် အတန်းထဲသို့ ဆရာမဝင်လာသည်။ တစ်တန်းလုံး ဝုန်းခနဲထရပ်ကာ အရိုအသေပေးလိုက်ကြသည်။

■ ■ ■ ■ ■

'ဟေး ခြောက်ဆယ့်ငါးခုနှစ်အတွက် လူရည်ချွန်စခန်းတွေ တိုးလိုက်ပြီတဲ့'

ညီလင်းသည် သတင်းစာကို ဖေဖေ့ဆီယူလာပေးရင်း လမ်းတစ်ဝက်မှ ဖြတ်ဖတ်လာသည်။ ထို့နောက် ဝမ်းသာအားရအော်သည်။ သူ့ခမျာ လူရည်ချွန်ရူး ရူးနေရှာသူ ဖြစ်သည်။ လူရည်ချွန်အရွေးခံရလျှင် ငပလီသို့ရောက်ရမည်မို့ ပင်လယ်မြင်ဖူးချင်စိတ်နှင့် စာကို အရမ်းကြိုးစားနေခဲ့သည်။

'စခန်းက သုံးခုတောင် ဖေဖေရဲ့၊ ငပလီရယ်၊ ရန်ကုန်ရယ်၊ အင်းလေးရယ်တဲ့၊ ပျော်စရာကြီးဗျာ'

'ရောက်ချင်ရင် ကြိုးစားပေါ့ သားရဲ့'

'စာတော်ရုံနဲ့မရဘူး ဖေဖေရ၊ သားက စာကိုတော့ ဘယ်သူ့မှ မကြောက်ပါဘူး၊ ဒါပေမဲ့ အားကစားကျတော့ သိပ်မရဘူး၊ ပေါင်းသင်းဆက်ဆံရေးကျတော့လည်း သိပ်မကောင်းဘူး၊ သားတို့အတန်းထဲက တင်ဝင်းဆိုရင် ဆက်ဆံရေးသိပ်ကောင်းတာပဲ၊ နောက်ပြီး ဘားကျွမ်းလည်း ကစားတယ်'

ညီလင်းသည် ပင်လယ်ကိုပင် တစ်ခါတစ်ရံမျှ မြင်ဖူးခဲ့သူမဟုတ်ချေ။ ညီလင်းသာမဟုတ်။ ကျော်ထွန်းညိုရော၊ အမာညိုပါ မြင်ဖူးရောက်ဖူးကြသူများ မဟုတ်ပေ။ ရေပြင်ကျယ်ဆို၍ အင်းလျားနှင့် ကန်တော်ကြီးကိုသာ အကျယ်ဆုံးမြင်ဖူးကြသူများဖြစ်လေသည်။ နယ်တွင်မွေးသော်လည်း ရန်ကုန်တွင်ပင်ကြီးရသော သူတို့မောင်နှမတစ်တွေသည် ပင်လယ်ပြာကိုသာ မဟုတ်၊ တောင်တန်းပြာကိုလည်း မမြင်ဖူးချေ။ ဒေသန္တရဗဟုသုတ ခေါင်းပါးကြသည်။

'ငပလီသာရောက်ရရင်တော့ဗျာ၊ ခရုတွေကို တောင်းတစ်လုံးနဲ့ အပြည့်ကောက်ခဲ့မယ်'

'ခရုများ အဆန်းလုပ်လို့၊ ငါသာဆိုရင်တော့ ပင်လယ်ကိုမြင်ရင် ပထမဆုံး ဘာလုပ်မလဲသိလား၊ တစ်ခါတည်း ပြေးဆင်းပြီး နည်းနည်းလေးသောက်ကြည့်လိုက်မှာပဲ'

အမာညိုက ဝင်ပြောသည်။ ဖေဖေသည် လက်ထဲမှသတင်းစာကို မဖတ်အားသေးဘဲ အမာညိုကို စောင်းကြည့်ကာ မသိမသာပြုံးလိုက်လေသည်။ ညီလင်းကမူ မျက်နှာရှုံ့သွားသည်။

'ဘာလုပ်ဖို့လဲ မမရ'

'တကယ်ငန်လား၊ မငန်လား သိချင်လို့ပေါ့ ဟဲ့'

'လူတိုင်းပြောနေတာ ငန်ပါတယ်ဆိုမှ ဒီလောက်ဆားတွေပျော်ဝင်နေတာကို စာထဲမှာလည်း သင်ရသားနဲ့ မမကလဲ'

'သင်ရတာက တခြားပဲဟ၊ ငါက လက်တွေ့သိချင်တာ'

အမာညိုက ပြုံးစပ်စပ်လေးပြောသည်။ ထို့နောက် စားပွဲပေါ်ရှိ ပန်းအိုးထဲမှ ညမွှေးပန်းခက်လေးကို လှမ်း၍ ဆိတ်လိုက်သည်။ ညီလင်းစိုက်ထားသော ညမွှေးပန်းရုံသည် ဝေနေအောင်ပွင့်သည်။ တခြားပန်းများကို တွန့်တိုသော်လည်း ပေါပေါများများပွင့်သော ညမွှေးပန်းများကိုမူ ညီလင်းမတွန့်တိုပေ။ လိုချင်သလောက်အလှူပေးလေ့ရှိသည်။ သို့သော် ထိုပန်းများက နေ့အခါတွင် လုံးဝမမွှေးဘဲ ညရောက်ပါက အီနေအောင်မွှေး၍ ခေါင်းကိုက်စေပြန်သည်။ အမာညိုသည် ပန်းမရွေးဘဲ အကုန်လုံးကြိုက်သော်လည်း ညမွှေးပန်းကိုမူ စွဲစွဲလမ်းလမ်းမကြိုက်လှပေ။

'အီးပေါလောပန်းကြီး၊ နေ့ခင်းကျတော့ တစ်စက်မှလည်း မမွှေးဘူး'

အမာညိုသည် ပန်းပွင့်လေး နှစ်ပွင့်၊ သုံးပွင့်ကို ဆိတ်ခြွေကာ နမ်းရှုပ်ကြည့်ရင်း မကျေမနပ်ပြောလိုက်သည်။ ညီလင်းသည် ဘာမှပြန်မပြောဘဲ ပန်းအိုးလေးကိုသာ အမာညိုမမီသောနေရာသို့ တွန်းပြီး ရွှေ့လိုက်သည်။

'ညီ့တို့အတန်းမှာသာ လူရည်ချွန်ရွေးရင် စုစုလှိုင်ရမှာပဲ သိလား ဖေဖေ၊ ဒါမှမဟုတ် သက်သက်ရချင်ရမှာ'

'သမီးကရော မရနိုင်ဘူးလား'

'ထင်ပါဘူး'

ညီလင်းက ဝင်ပြောသည်။ အမာညိုသည် ဘာမှပြန်မချေပဘဲ ငြိမ်နေလိုက်သည်။ ညီလင်း တမင်သက်သက်နှိမ်ပြောခြင်းဖြစ်သော်လည်း အမာညိုသည် သူ့အရည်အချင်းကို သူသိလေသည်။ လူရည်ချွန်ဖြစ်လောက်အောင် သူ့ခမျာ မထူးချွန်ရှာပေ။

'ပေါင်းသင်းဆက်ဆံရေးကိုပါကြည့်ပေးရင်တော့ စုစုလှိုင်ရမှာမဟုတ်ဘူး၊ သူက ဘယ်သူနဲ့မှ မပေါင်းဘူး၊ အဲဒါသာဆိုရင် သက်သက်ရမှာ၊ သက်သက်ကို မချစ်တဲ့သူ မရှိဘူး၊ ဆက်ဆံရေး သိပ်ကောင်းတယ်'

'သမီးကရော မကောင်းဘူးလား'

အမာညိုသည် ပြုံးရယ်ရင်း ခေါင်းခါပြလိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## ပန်းတနော်မြို့နယ်၌ ကန်စွန်းဥများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



ပန်းတနော် နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်၌ ဒေသထွက် ကန်စွန်းဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်နီနီဝင်း၏ပြောပြချက်အရ သိရသည်။

ပန်းတနော်မြို့နယ်၌ နိုဝင်ဘာလ နောက်ဆုံးပတ်မှစ၍ လက်ရှိအချိန်ထိ ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

''ကန်စွန်းဥတွေက မြန်မာကန်စွန်းဥနဲ့ ကိုရီးယားကန်စွန်းဥဆိုပြီး အမျိုးအစားနှစ်မျိုး အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီဘက်ဒေသတွေမှာတော့ စားသုံးသူတွေက ကန်စွန်းဥအမျိုးအစားနှစ်မျိုးစလုံးကို ကြိုက်တာတွေ့ရပါတယ်။ အခုလိုကန်စွန်းဥတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ အဆင်ပြေသလို လယ်ယာလုပ်သားတွေလည်း အဆင်ပြေလာကြတယ်။ ဒီနှစ်ကန်စွန်းဥ ဈေးကောင်းရတာက မနှစ်ကထက် ကန်စွန်းဥစိုက်သူတွေ နည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေလို့ဖြစ်ပါတယ်''ဟု ဒေါ်နီနီဝင်းကပြောသည်။

အဆိုပါကန်စွန်းဥများကို ကန်စွန်းဥပြုတ်၊ ကန်စွန်းဥကြော်၊ ကန်စွန်းဥကိတ်မုန့် စသည့်မုန့်များပြုလုပ်ရောင်းချသူများက အဓိကဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ကြောင်း သိရသည်။

**သုတကျော်**

⇨ ရှေ့ဖုံးမှအဆက်

ထို့ပြင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့အား နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ် အလာနှင့်အညီ ကော်ဇောနီလျှောက်လမ်း တစ်လျှောက် အလေးပြုကြိုဆိုကြပြီး တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အက အဖွဲ့များက ရိုးရာယဉ်ကျေးမှုအကအလှ တို့ဖြင့် ကြိုဆိုကပြဖျော်ဖြေကြကာ ကျောင်းသား/ ကျောင်းသူများက နှစ်နိုင်ငံ အလံများဝှေ့ယမ်းကာ "ဘယ်လာရုစ်သမ္မတ နိုင်ငံ သမ္မတကြီး ကျန်းမာပါစေ၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအခွန့်ရှည်ပါစေ" ဟုကြွေးကြော် ၍လည်းကောင်း၊ လမ်းဘေးဝဲယာ တစ်လျှောက် နှစ်နိုင်ငံအထိမ်းအမှတ်အလံ များစိုက်ထူခြင်း၊ ရောင်စုံမီးအလှဆင်ထား ရှိခြင်း၊ "ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ အလက်ဇန္ဒား လူကာရှန့်ကိုအား မြန်မာနိုင်ငံ မှ လှိုက်လှဲစွာကြိုဆိုပါ၏" ဟုရေးသား ဖော်ပြကြိုဆိုထားသည့် LED ပိုစတာ ကြီးများ စိုက်ထူခြင်းဖြင့်လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုကြသည်။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ တို့၏ သံတမန်ဆက်ဆံမှုမှာ ၂၆ နှစ်တာ ကာလသို့ရောက်ရှိခဲ့ပြီဖြစ်ပြီး နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ၏ဖိတ်ကြား ချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်အဆင့် ချစ်ကြည် ရေးခရီးနှစ်ကြိမ်သွားရောက်ခဲ့ပြီး ယခုအခါ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko အနေဖြင့်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်းဖြစ်ပြီး ယခုခရီးစဉ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံ မှုကာလအတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတစ်ဦး၏ ပထမဆုံးသမိုင်းဝင် ခရီးစဉ်ဖြစ်ကြောင်း၊ ချစ်ကြည်ရေး ခရီးစဉ်ရောက်ရှိစဉ်အတွင်း ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အကြား ချစ်ကြည်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ အားတွေ့ဆုံဆွေးနွေးခြင်း၊ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများ လက်မှတ် ရေးထိုးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ် သည်။

ယခုကဲ့သို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာများမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ များ အပြန်အလှန်ဖလှယ်နိုင်ခြင်း၊ စိုက်ပျိုး မွေးမြူရေး ကုန်ထုတ်လုပ်မှုနည်းပညာများ အပြန်အလှန်ဖလှယ်နိုင်ခြင်းနှင့် နှစ်နိုင်ငံ အကြား နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (၁၀၀)

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် - ၂ လမ်းမကြီးအနီး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) သိုလှောင်ရုံဌာနခွဲ(ရွာသာကြီး) မြေကွက်လပ်နေရာရှိ သိုလှောင်ရုံဆောက်လုပ်ရန်နေရာသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကွင်းဆင်းကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့မွန်းလွဲ ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ် -၂ လမ်းမကြီး အနီး အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) သိုလှောင်ရုံဌာနခွဲ(ရွာသာကြီး)ဝင်းအတွင်း ရှိ မြေကွက်လပ်နေရာသို့ သွားရောက်ကြည့်ရှု သည်။





ဦးစွာပြည်ထောင်စုဝန်ကြီးသည် ငလျင် ဘေးသင့်ဒေသများ၌ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသောအိမ်ရာများ၊ ရုံးများ၊ အဆောက်အအုံများ တည်ဆောက်ဆဲ ကာလတွင် ယာယီအသုံးပြုလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းထား သည့်ယာယီအိမ်ရာများ (Container House)၊ ယာယီရုံးများ( Container Office) များကို အမြဲတမ်းအဆောက်အအုံများ ဆောက်လုပ် ပြီးစီးသွားပါက စနစ်တကျပြန်လည် သိမ်းဆည်းထားရှိနိုင်ရေးအတွက်အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏အစီအစဉ်ဖြင့် သိုလှောင်ရုံ ဆောက်လုပ်နိုင်ရေး ကြည့်ရှုစစ်ဆေး သည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စု ဝန်ကြီးက ရေဝင်/ ရေဝပ်နိုင်သည့်နေရာ ဖြစ်သောကြောင့် သိုလှောင်ရုံကို ရေလွတ် နိုင်သည့်အမြင့်အထိ ဆောက်လုပ်နိုင်ရေး၊ သိုလှောင်ရုံဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်း နှင့်ညီညွတ်မှုရှိစေရေး၊ မြေအခြေအနေ နှင့်သိုလှောင်ထားရှိမည့် Container များ ၏ခံနိုင်ဝန်တို့ကို စနစ်တကျတွက်ချက် ၍ ရေရှည်အသုံးပြုနိုင်ပြီး စက်ယန္တရား များဖြင့် သယ်ဆောင်အတင်၊ အချပြုလုပ် နိုင်သည့် ပုံစံဒီဇိုင်းနှင့်အကျယ်အဝန်းရှိသည့် သိုလှောင်ရုံများဖြစ်စေရေး အဘက်ဘက် မှထည့်သွင်းတွက်ချက်တင်ပြရန် မှာကြား ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။ မြဝတီ

# မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်(One Map Myanmar) Geoportal အသုံးပြုမည့်သင်တန်းအမှတ်စဉ်(၁)ဖွင့်လှစ်



နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်(One Map Myanmar) Geoportal အသုံးပြုမည့် သင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြေတိုင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်း အတွင်းဝန်၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ သင်တန်းပို့ချမည့်ဆရာများနှင့် သင်တန်း သားများ တက်ရောက်ကြသည်။


ဦးစွာ မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင် အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌသယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက One Map Myanmar Geoportal ကို စတင်မိတ်ဆက် ပြုလုပ်တော့မည်ဖြစ်၍သက်ဆိုင်ရာဌာနများ မှ System အသုံးပြုရာတွင် ခက်ခဲနိုင်သည့် အတွက် ယခုသင်တန်းဖွင့်လှစ်ခြင်းဖြစ် ကြောင်း မှာကြားသည်။

မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) Geoportal အသုံးပြုနည်း သင်တန်းကို ရက်သတ္တတစ်ပတ်ကြာ စာတွေ့ လက်တွေ့ပို့ချမည်ဖြစ်ပြီး သင်တန်းသို့ ဝန်ကြီး ဌာန ၁၈ ခု၊ ပြည်ထောင်စုနယ်မြေနေပြည်တော် အပါအဝင်တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ အဖွဲ့ရုံးများမှသင်တန်းသား၊ သင်တန်းသူ ၇၀ ဦး တက်ရောက်ကြောင်းသိရသည်။ မြဝတီ

**သဇင်(FM)အသံလွှင့် အစီအစဉ်**
၂၈-၁၁-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသား စကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၄°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၄°C |
| လွိုင်လင် | ၄.၄°C |
| ဟဲဟိုး | ၄.၅°C |
| တီးတိန် | ၆°C |
| တောင်ကြီး | ၇.၅°C |
| လားရှိုး | ၇.၈°C |
| လွိုင်ကော် | ၈.၁°C |
| မိုင်းယန်း | ၈.၅°C |
| ကျိုင်းတုံ | ၉.၄°C |
| မင်းကင်း | ၁၀°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၃ | ၂၉ |
| ရှမ်း(မြောက်) | ၁၀ | ၂၈ |
| ရှမ်း(အရှေ့) | ၉ | ၂၇ |
| ရှမ်း(တောင်) | ၇ | ၂၅ |
| ချင်း | ၅ | ၂၁ |
| စစ်ကိုင်း(အထက်) | ၁၃ | ၃၀ |
| စစ်ကိုင်း(အောက်) | ၁၅ | ၃၂ |
| နေပြည်တော် | ၁၇ | ၃၀ |
| မန္တလေး | ၁၆ | ၃၂ |
| မကွေး | ၁၇ | ၃၁ |
| ရခိုင် | ၁၉ | ၃၂ |
| ပဲခူး | ၁၅ | ၃၂ |
| ရန်ကုန် | ၁၈ | ၃၀ |
| ဧရာဝတီ | ၁၈ | ၃၂ |
| ကယား | ၇ | ၂၆ |
| ကရင် | ၁၅ | ၃၂ |
| မွန် | ၁၇ | ၃၁ |
| တနင်္သာရီ | ၁၇ | ၃၃ |

# (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (33rd ASEAN Armies Rifle Meet-33rd AARM) ပိတ်ပွဲအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (33rd ASEAN Armies Rifle Meet-33rd AARM) ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၃၃)ကြိမ်မြောက်အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ(33rd ASEAN Armies Rifle Meet-33rd AARM) ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန်အတွက် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၂၇ ရက် နေ့လယ်ပိုင်းတွင် စင်ကာပူတပ်မတော်၏ Singapore Armed Forces Training Institute (SAFTI) သို့ ရောက်ရှိခဲ့ပြီး မြို့တွင်းစစ်ဆင်ရေးလေ့ကျင့်ရေးကွင်းနေရာနှင့် မြို့တွင်းစစ်ဆင်ရေး ဆောင်ရွက်ရာတွင်အသုံးပြုသည့်သင်္ဘောနှင့်တူ လေ့ကျင့်ရေးအထောက်အကူပြု လက်နက်စနစ်များ၊ လက်ဖြောင့်သေနတ်သရုပ်ပြ ပစ်ခတ်မှု၊ စောင့်ကြည့်ထောက်လှမ်းရေးသုံး ဒရုန်းသရုပ်ပြပျံသန်းမှု၊ မြေပြင်သွားမောင်းသူမဲ့ယာဉ်စနစ်များကို လေ့လာကြည့်ရှုခဲ့သည်။

ထို့နောက်ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် Singapore Armed Forces Training Institute ၏စစ်ရေးပြကွင်းသို့ရောက်ရှိခဲ့ပြီး အာဆီယံကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ Novelty Shoot ပစ်ခတ်စဉ်၌ ပါဝင်ပစ်ခတ်ခဲ့သည်။ ဆက်လက်၍ စင်ကာပူတပ်မတော်က အသုံးပြုလျက်ရှိသည့် တိုက်ခိုက်ရေးယာဉ်များနှင့်မောင်းသူမဲ့ယာဉ်စနစ်များအသုံးပြု၍ အဆောက်အဦအတွင်းရှိရန်သူအားရှင်းလင်းခြင်းသရုပ်ပြသည့် မြို့တွင်းစစ်ဆင်ရေး သင်္ဘောနှင့်တူ လေ့ကျင့်ခန်းသရုပ်ပြသမှုအား လေ့လာကြည့်ရှုခဲ့သည်။

ထို့နောက်ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် (၃၃)ကြိမ်မြောက်အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များသေနတ်ပစ်ပြိုင်ပွဲ (33rd ASEAN Armies Rifle Meet-33rd AARM) ပိတ်ပွဲအခမ်းအနားသို့ အာဆီယံကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။ ဆက်လက်၍ မြန်မာ့တပ်မတော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နေသည့် သေနတ်ပစ်အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့သည်။ ညနေပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် အာဆီယံကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (33rd AARM) ၏ နှုတ်ဆက်ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မြန်မာ့တပ်မတော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နေသည့် သေနတ်ပစ်အသင်းအဖွဲ့ဝင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။

# မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့် အခမ်းအနားပြုလုပ်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီးအဖွဲ့အား ဂုဏ်ပြုမဂ်လာပန်းခြင်းပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

၁၉၂၅ ခုနှစ်က မန္တလေးမြို့၊ ဆိုင်းတန်းရပ်၌ ဆရာကြီးမြို့မငြိမ်း(ခ) ဦးကျော်ငြိမ်း အပါအဝင် ဝါသနာရှင်လူငယ်တစ်စုဖြင့် စတင်ဖွဲ့စည်းခဲ့သည့် မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းနှစ်(၁၀၀)ပြည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့၊ ရတနာပုံခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မအပျော်တမ်းတူရိယာအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား/ကျောင်းသူများ၊ ဆရာ/ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့် အခမ်းအနားမုခ်ဦးအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ရတနာပုံခန်းမ အတွင်း၌ ခင်းကျင်းပြသထားသော မန္တလေး မြို့မ အပျော်တမ်းတူရိယာအသင်း၏ ခေတ်အဆက်ဆက်ထိန်းသိမ်းထားရှိသော မှတ်တမ်းဓာတ်ပုံများနှင့် တူရိယာပစ္စည်းများအား လိုက်လံကြည့်ရှုအားပေးသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားပြီး မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီး၏ဥက္ကဋ္ဌက မြို့မအသင်းကြီးအကြောင်းကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီး၏ နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

၎င်းနောက် မြို့မမောင်မယ်များနှင့် ကျောင်းသား/ကျောင်းသူများက အကအလှသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မန္တလေးမြို့မအပျော်တမ်းတူရိယာအသင်းကြီးအဖွဲ့အား ဂုဏ်ပြုမဂ်လာပန်းခြင်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)


# နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် ကြားနာစစ်ဆေးဆဲအမှုများကိုပိတ်သိမ်း

နေပြည်တော် နိုဝင်ဘာ ၂၇


အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကအရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၇၂၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **“နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသောစည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုခဲ့သည်။



အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူများကိုတွေ့ရစဉ်။




တောင်ငူအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူများကိုတွေ့ရစဉ်။



မြင်းခြံအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူများကိုတွေ့ရစဉ်။



ညောင်ဦးအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူများကို မိဘဆွေမျိုးများက ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုနေမှုကိုတွေ့ရစဉ်။

ဓာတ်ပုံ၊ ဒီပါလင်း

ထို့ပြင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကအရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၂၃၆၁ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။

၎င်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံရသူ ၅၅၈၀ ဦးတို့၏ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှကင်းလွတ်ခွင့်ပြုခဲ့သည်။



မိတ္ထီလာအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူများကို မိဘဆွေမျိုးများက ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုနေမှုကိုတွေ့ရစဉ်။



မြိတ်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူများကို တွေ့ရစဉ်။

ဓာတ်ပုံ၊ ခိုင်ထူး(ပြန်/ဆက်)



မန္တလေး(အိုးဘို)အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူများကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံအကျဉ်းထောင်၌ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏အမိန့်အမှတ် ၁၁/၂၀၂၅ အရ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးခြင်းအခမ်းအနားကျင်းပစဉ်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသား/ အကျဉ်းသူများကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့်အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့်လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာဆောင်ရွက်ပေးထားပြီး ယခုပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့်ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့ရှိ ဒေသခံပြည်သူ ၆၅၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ငပုတောမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးစဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ပေါ်တွင် ခွဲစိတ်ကုသမှုခံယူကြမည့် ဒေသခံပြည်သူများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၇

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့သို့ရောက်ရှိနေသည့်တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝင်းအတွင်းအခြေပြု၍ ဒေသခံပြည်သူ ၆၅၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၄၀ ဦး၊ ခွဲစိတ်ရောဂါ ၈၁ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၈ ဦး၊ ကလေးရောဂါ ၂၃ ဦး၊ အရိုးရောဂါ ၁၀၀ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၇၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၀ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၉ ဦး၊ မျက်စိခွဲစိတ်လူနာ ၉ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၆ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ငပုတောမြို့၊ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား "အစားအစာနှင့်အာဟာရ"ခေါင်းစဉ်ဖြင့် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင်ခွဲစိတ်ကုသမှုခံယူကြမည့်ဒေသခံပြည်သူများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ပေါ်တွင် လိုက်ပါ တာဝန်ထမ်းဆောင်ကြသည့် အရာရှိ၊ စစ်သည်များအတွက် ချီးမြှင့်ငွေများကိုလည်းကောင်းပေးအပ်သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများ



ကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ် –

"အခု မောတောတောဖြစ်ပြီးတော့ ကျပ်တတ်တတ်နဲ့ ရှိုရှိုအော်နေလို့ အဲဒါလာပြတာပါ။ ဆရာဝန်ကလည်း ကောင်းပါတယ်တဲ့။ လိုတဲ့ဟာကို အကုန်လုံးပြောတယ်။ ကျန်းမာရေးအနေနဲ့ အငန်ကိုတော့ရှောင်ပါတဲ့။ ကျန်တာတော့ ဘာမှမဖြစ်ဘူး။ အထူးကုလာပြတဲ့အတွက် အကုန်လုံးကျေးဇူးတင်ပါတယ်။ ရွာမှာလည်း ဆရာမတွေကို တစ်ဆင့်တစ်ဆင့်လက်ဆင့်ကမ်းပြီး ပြောပြတယ်။ အခုလိုလာပြီးတော့ အထူးကုတဲ့ဆရာဝန်၊ ဆရာမတွေကအစ ရတနာသုံးပါးကျောက် ဖြိုးလို့မောက်သလို ၉၆ ပါးကင်းစင်ပြီး အန္တရာယ်ကင်းဘေးဒုက္ခမကြုံရဘဲ အသက်တစ်ရာကျော်မကရှည်ကြပြီး မပျက်ဒါန သီလဘာဝနာပွားပြီးလျှင် ဒီနေ့ဒီရက် ဒီအချိန်ကစပြီး ကုသပေးတဲ့လူငယ်မှန်သမျှ ဘေးမျိုးစုံကင်းစင်လွှင့်ပျောက်ကြပါစေ" ဟုပြောသည်။

"ကျန်းမာရေးအခြေအနေက ကျွန်တော့်မျက်စိခွဲမယ်ခင်ဗျ။ နောက်ပြီး လည်ပင်းမှာရှိတဲ့အကျိတ်လည်း ခွဲမယ်ခင်ဗျ။ မျက်စိနဲ့အကျိတ်နဲ့ဆိုလို့ရှိရင် ဒီအကျိတ်ကတော်တော်နာနေတယ်။ ဒီရက်ထဲမှာ ဒီတစ်လနှစ်လအတောအတွင်းမှာ နာတယ်။ မျက်စိကတော့ ညာဘက်မျက်စိပဲမြင်တယ်။ ဘယ်ဘက်မျက်စိကတော့ ဝါးနေတယ်။ မမြင်ရဘူး။ ပြတာတော့ အင်မတန်ကောင်းပါတယ်။ စိတ်လည်း



ချမ်းသာတယ်။ ဆက်ဆံရေးလည်းကောင်း၊ အစစအရာရာ လိုလေသေးမရှိ ပျူပျူငှာငှာ ဆက်ဆံပါတယ်။ အခုမျက်စိကို ဒီနေ့ခွဲမယ်ဆိုလို့ရှိရင် သင်္ဘောပေါ်မှာ ခွဲပေးမယ်တဲ့။ အကျိတ်ကိုတော့ ခဏစောင့်ပါတဲ့။ တော်ကြာလို့ရှိရင် အဖြေလာပေးပါမယ်လို့ ပြောပါတယ်ခင်ဗျ။ ခဏတော့ စောင့်ခိုင်းပါတယ်။ ကျွန်တော်လည်း အားကိုးပါတယ်။ စောင့်မှာပါ။ အဘအနေနဲ့တော့ တအားကြီးကျေးဇူးတင်ပါတယ်။ ရပ်ဝေးရပ်နီးအဝေးကနေပြီးတော့ ကျွန်တော်တို့ဒေသကို အခုလိုလာပြီး ကူညီပံ့ပိုးပေးတဲ့ ပြည်သူအားလုံးနဲ့ ကျွန်တော်တို့က ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ပီတိလည်းဖြစ်ပါတယ်"ဟုပြောသည်။

"လက်တွေက ထုံတယ်။ ကျဉ်တယ်။ ခြေထောက်တွေက လမ်းသွားလို့ရှိရင် အောင့်တယ်။ အဲဒါကြောင့် လာပြတာပါ။ ဖြစ်တာတော့ကြာပြီ။ မနှစ်တုန်းက လာတုန်းက အမျိုးသားက ဆေးရုံတက်နေတော့ မပြဖြစ်ဘူး။ အခုမှလာပြတာ။ သူများတွေက ရွာထဲမှာ ဆရာတွေလာတယ်တဲ့။ အဲဒါသွားပြချင်ရင် ပြလို့ရတာပေါ့။ အဲဒါနဲ့ပဲ လာလိုက်တာပါ။ အကြောတွေအားနည်းနေတယ်ဆိုပြီးတော့ အစားကို များများစားပေးပေါ့နော်။ ဆေးလည်းထိုးပေးလိုက်တယ်။ အဖွဲ့သားတွေအားလုံး လာရောက်ပြီးတော့ ကုသပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ နောက်ကိုလည်း



လာရောက်ပြီးတော့ ကုသပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်" ဟုပြောသည်။

(၁၀၀)

# ရွေးကောက်ပွဲနှင့် ကျွန်ုပ်တို့ထမ်းဆောင်ရမည့်တာဝန်နှစ်ရပ်

ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)

**ရွေးကောက်ပွဲဆိုသည်မှာ**

ရွေးကောက်ပွဲဆိုသည့်ဝေါဟာရ၏အဓိပ္ပာယ်ကို အကျဉ်းမျှဖော်ပြလိုပါသည်။ ရွေးကောက်ပွဲဆိုသည်မှာ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပုဂ္ဂိုလ်များထဲမှ အတော်ဆုံးအကောင်းဆုံးပုဂ္ဂိုလ်များကိုရွေးပြီး ကောက်ယူခြင်းဖြစ်သည်။ ဤသို့အတော်ဆုံးအကောင်းဆုံးပုဂ္ဂိုလ်များကိုရွေးပြီး ကောက်ယူသည့်ပွဲဖြစ်သောကြောင့် ရွေးကောက်ပွဲဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဤသဘောအရ လာမည့်ဒီဇင်ဘာလ ၂၈ ရက်တွင် အပိုင်း(၁)အဖြစ် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် အမိနိုင်ငံအတွက် အသင့်လျော်ဆုံးသောပြည်သူ့ကိုယ်စားလှယ်များကို ကျွန်ုပ်တို့ရွေးကောက်ကြရမည်။ အရေးကြီးဆုံးအချက်မှာ ကျွန်ုပ်တို့ရွေးကောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များသည် အမိနိုင်ငံအတွက် အမှန်တကယ်အသင့်လျော်ဆုံးသော ကိုယ်စားလှယ်များဖြစ်နေရမည်ဆိုသည့်အချက်ပင်ဖြစ်သည်။

**အမိနိုင်ငံအတွက် သင့်လျော်သောကိုယ်စားလှယ်**

အမိနိုင်ငံအတွက် သင့်လျော်သောကိုယ်စားလှယ်သည် အောက်ပါအချက်များနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်သည်။ ယင်းအချက်များမှာ မြင့်မားသောစွမ်းရည်အမျိုးမျိုးကို ပိုင်ဆိုင်ထားသူ၊ မြင့်မြတ်သောကိုယ်ကျင့်သီလရှိသူ၊ အမိနိုင်ငံအပေါ်ရယူလိုသူအဖြစ်မရပ်တည်ဘဲ ပေးဆပ်အနစ်နာခံသူအဖြစ် အစဉ်ရပ်တည်နေသူ၊ အမိနိုင်ငံအတွက် ကောင်းကျိုးမှန်သမျှကို အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေသူ၊ အမိနိုင်ငံ၏သမိုင်းကြောင်းကို ကောင်းအောင်ဖန်တီးပေးခဲ့သူ၊ ယခုလည်း ဆက်လက်ဖန်တီးပေးနေသူ၊ ကောင်းသောသမိုင်းကြောင်းရှိသူ၊ ယခုလည်း မိမိသမိုင်းကြောင်းကို ထိန်းသိမ်းနေသူ၊ သတိ၊ ပညာ၊ ဝီရိယကြီးမားစွာ အမိနိုင်ငံအပေါ်ရပ်တည်နေသူ စသည့်အချက်များဖြစ်ကြသည်။ ဤအချက်များနှင့်ပြည့်စုံသောကိုယ်စားလှယ်သည် အမိနိုင်ငံအတွက် သင့်လျော်သောကိုယ်စားလှယ်ဖြစ်သည်။

**အမိနိုင်ငံအတွက် မသင့်လျော်သောကိုယ်စားလှယ်**

အမိနိုင်ငံအတွက် မသင့်လျော်သောကိုယ်စားလှယ်သည် အချက်(၇)ချက်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ဖြစ်သည်။ ယင်းအချက်များမှာ နိမ့်ကျသောစွမ်းရည်များကိုသာ ပိုင်ဆိုင်ထားသူ၊ နိမ့်ကျသောကိုယ်ကျင့်သီလရှိသူ၊ အမိနိုင်ငံအပေါ်ပေးဆပ်အနစ်နာခံသူအဖြစ် မရပ်တည်ဘဲ ရယူလိုသူအဖြစ် အစဉ်ရပ်တည်နေသူ၊ အမိနိုင်ငံအတွက် ဆိုးကျိုးမှန်သမျှကို အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့်ဆောင်ရွက်နေသူ၊ အမိနိုင်ငံ၏သမိုင်းကြောင်းကို ဆိုးဝါးအောင်ဖန်တီးနေသူ၊ အပြစ်မကင်းသောသမိုင်းကြောင်းရှိပြီး ယခုလည်း မိမိသမိုင်းကြောင်းကိုထိန်းသိမ်းခြင်းမရှိသူ၊ သတိ၊ ပညာ၊ ဝီရိယနိမ့်ကျစွာ အမိနိုင်ငံအပေါ်ရပ်တည်နေသူ စသည့်အချက်များဖြစ်ကြသည်။ ဤအချက်(၇)ချက်နှင့်ပြည့်စုံသောကိုယ်စားလှယ်သည် အမိနိုင်ငံအတွက် မသင့်လျော်သောကိုယ်စားလှယ်ဖြစ်သည်။

**မိမိတို့ရွေးချယ်မှုနှင့်တူသောအကျိုးပြန်ရမည်**

မိမိပြုသောကံ မိမိထံပြန်လာသည်။ မိမိပြုသောကံနှင့်တူသောအကျိုး မိမိပြန်လည်ရရှိခံစားရမည်ဟူသော တရားသဘောရှိသည်။ ဤတရားသဘောကိုဆင်ခြင်ပြီး လာမည့်ဒီဇင်ဘာလ ၂၈ ရက် အပိုင်း(၁)အဖြစ်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် အမိနိုင်ငံအတွက် ပြည်သူ့ကိုယ်စားလှယ်များကို ကျွန်ုပ်တို့မှန်ကန်စွာ စိစစ်ရွေးချယ်ကြရမည်။ အမိနိုင်ငံအတွက် သင့်လျော်သောပြည်သူ့ကိုယ်စားလှယ်များကို မှန်ကန်စွာရွေးချယ်ကြပါက ကျွန်ုပ်တို့မျှော်မှန်းသောနိုင်ငံတော်နှင့် ကျွန်ုပ်တို့အလိုရှိသောဘဝအခြေအနေများကို ပိုင်ဆိုင်ရမည်။ အမိနိုင်ငံအတွက် မသင့်လျော်သော ပြည်သူ့ကိုယ်စားလှယ်များကို မှားယွင်းစွာရွေးချယ်ပေးပါက ကျွန်ုပ်တို့မမျှော်မှန်းသောနိုင်ငံတော်နှင့် ကျွန်ုပ်တို့အလိုမရှိသောဘဝအခြေအနေများကိုပိုင်ဆိုင်ရမည်။ ကျွန်ုပ်တို့၏ရွေးချယ်မှုနှင့်တူသောအကျိုးကို ကျွန်ုပ်တို့ပြန်လည်ရရှိခံစားရခြင်းသဘောဖြစ်သည်။ အရိပ်ကိုလိုချင်လျှင် အပင်ကိုပျိုးပါဟူသော အဆိုတစ်ရပ်ရှိသည်။ ဤအဆိုအရ ကျွန်ုပ်တို့မျှော်မှန်းသောနိုင်ငံတော်နှင့် ကျွန်ုပ်တို့အလိုရှိသောဘဝအခြေအနေများကို ပိုင်ဆိုင်လိုလျှင် အမိနိုင်ငံအတွက် အသင့်လျော်ဆုံးသောကိုယ်စားလှယ်များကို ရွေးကောက်ပွဲတွင် ရွေးချယ်ပေးရမည်သာဖြစ်သည်။

**ရွေးကောက်ပွဲနှင့်ကျွန်ုပ်တို့၏တာဝန်နှစ်ရပ်**

ကျွန်ုပ်တို့အမိနိုင်ငံ၏ဂုဏ်သိက္ခာနှင့်အဆင့်အတန်းမြင့်မားရေး၊ အမိနိုင်ငံတွင် ကောင်းကျိုးအဖြာဖြာတိုးတက်ဖြစ်ပေါ်လာရေး၊ နိုင်ငံသားများ၏လိုအင်ဆန္ဒများ အမြန်ဖြည့်ဆည်းပေးနိုင်ရေး စသည့်မွန်မြတ်သောရည်ရွယ်ချက်များဖြင့် ဒီဇင်ဘာလ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကိုကျင်းပပေးတော့မည်ဖြစ်သည်။ ဤရွေးကောက်ပွဲကြီးအောင်မြင်ရေးအတွက် နိုင်ငံတော်မှ စွမ်းအားကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲကြီးအောင်မြင်ရန် နိုင်ငံတော်တွင်သာတာဝန်ရှိသည်မဟုတ်ဘဲ ကျွန်ုပ်တို့နိုင်ငံသားများတွင်လည်း တာဝန်များစွာရှိသည်။ ယင်းတာဝန်များအနက် အဓိကတာဝန်နှစ်ရပ်ကိုဖော်ပြလိုသည်။ ပထမတာဝန်မှာ ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့အားလုံးဆန္ဒမဲမပျက်မကွက်ပေးခြင်းဖြစ်ပြီး ဒုတိယတာဝန်မှာ အမိနိုင်ငံအတွက်အသင့်လျော်ဆုံးသော ပြည်သူ့ကိုယ်စားလှယ်ကောင်းများကို မှန်ကန်စွာရွေးချယ်ပေးခြင်းဖြစ်သည်။ ဤတာဝန်နှစ်ရပ်ကို ကျွန်ုပ်တို့ကျေပွန်စွာထမ်းဆောင်ကြပါက အမိနိုင်ငံတော်က ကျင်းပပေးမည့်ရွေးကောက်ပွဲကြီး ရာနှုန်းပြည့်အောင်မြင်မည်ဖြစ်သည်။

**ဆန္ဒမဲပေးခြင်း၊ မပေးခြင်း၏အဓိပ္ပာယ်**

အမိနိုင်ငံတော်မှကျင်းပပေးမည့်ရွေးကောက်ပွဲကြီး ရာနှုန်းပြည့်အောင်မြင်ရေးအတွက် ကျွန်ုပ်တို့နိုင်ငံသားများ၏ဆန္ဒမဲပေးမှုအနေအထားသည် များစွာအရေးပါသည်။ ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့နိုင်ငံသားများ တက်ကြွစွာဆန္ဒမဲပေးခြင်းသည် အပြုသဘောဆောင်သော အနက်အဓိပ္ပာယ်များကိုဖော်ပြနေပြီး ရည်ရွယ်ချက်ရှိရှိ ဆန္ဒမဲမပေးဘဲ ပျက်ကွက်ခြင်းသည် အပြုသဘောမဆောင်သော အနက်အဓိပ္ပာယ်များကိုဖော်ပြနေသည်။ ယင်းအနက်အဓိပ္ပာယ်များကို အောက်ပါခေါင်းစဉ်များဖြင့် ဖော်ပြလိုသည်။

**အမိနိုင်ငံတော်၏ကျေးဇူးတရားကိုပေးဆပ်ခြင်း**

အမိနိုင်ငံတော်သည် ကျွန်ုပ်တို့နိုင်ငံသားများ၏ကောင်းကျိုးအဖြာဖြာကို စွမ်းအားကုန်ဆောင်ရွက်ပေးနေသည်။ ကျွန်ုပ်တို့၏လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနေသည်။ ကျွန်ုပ်တို့၏မျှော်လင့်တောင့်တချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်။ အမိနိုင်ငံတော်၏ကျေးဇူးများကား ကြီးမားလှသည်။ အမိနိုင်ငံတော်၏ကျေးဇူးကိုပြန်ဆပ်ရမည့်တာဝန် ကျွန်ုပ်တို့တွင်ရှိသည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲမပျက်မကွက်ပေးပြီး အမိနိုင်ငံတော်အတွက် အသင့်လျော်ဆုံးသော ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ပေးခြင်းသည် အမိနိုင်ငံတော်၏ကျေးဇူးတရားကို ပြန်လည်ပေးဆပ်ခြင်းဖြစ်သည်။ အကယ်၍ ရွေးကောက်ပွဲတွင် ရည်ရွယ်ချက်ရှိရှိဆန္ဒမဲမပေးဘဲ ပျက်ကွက်ခြင်းသည် အမိနိုင်ငံအပေါ် အသွင်သဏ္ဌာန်တစ်မျိုးဖြင့် ကျေးဇူးကန်းနေခြင်းဖြစ်သည်။

**အမိနိုင်ငံအပေါ်လေးစားတန်ဖိုးထားခြင်း**

နိုင်ငံတော်သည် ကျွန်ုပ်တို့နိုင်ငံသားများမျှော်လင့်တောင့်တနေသောနိုင်ငံမျိုးဖြစ်ပေါ်လာစေရန်၊ ကျွန်ုပ်တို့နိုင်ငံသားများအလိုရှိသောဘဝအခြေအနေများကိုပိုင်ဆိုင်လာနိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ရွေးကောက်ပွဲကျင်းပပေးသည်။ ကျွန်ုပ်တို့နိုင်ငံသားများအား လေးစားတန်ဖိုးထားသည့်အတွက် ဤသို့ရွေးကောက်ပွဲကျင်းပပေးခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲမပျက်မကွက်ပေးပြီး အမိနိုင်ငံတော်အတွက် အသင့်လျော်ဆုံးသော ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ပေးခြင်းသည် အမိနိုင်ငံအား လေးစားတန်ဖိုးထားကြောင်းပြသခြင်းဖြစ်သည်။ အကယ်၍ ရွေးကောက်ပွဲတွင် ရည်ရွယ်ချက်ရှိရှိ ဆန္ဒမဲမပေးဘဲပျက်ကွက်ခြင်းသည် အမိနိုင်ငံအပေါ် လေးစားတန်ဖိုးထားမှုမရှိကြောင်းပြသခြင်းဖြစ်သည်။

**အမိနိုင်ငံအပေါ်သစ္စာစောင့်သိခြင်း**

နိုင်ငံတော်၏ဂုဏ်သိက္ခာ၊ နိုင်ငံ၏ဂုဏ်သတင်း၊ နိုင်ငံ၏အဆင့်မြင့်မားလာရန်ဟူသောရည်ရွယ်ချက်ဖြင့် နိုင်ငံတော်ကရွေးကောက်ပွဲကျင်းပပေးသည်။ ပြည်တွင်းပြည်ပအဖျက်အင်အားစုများက ရွေးကောက်ပွဲပျက်ပြားရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့နိုင်ငံသားများ ဆန္ဒမဲကို တက်ကြွစွာပေးခြင်းသည် နိုင်ငံတော်ကကျင်းပပေးသည့်ရွေးကောက်ပွဲ အောင်မြင်ရန်ကြိုးပမ်းပေးခြင်းသဘောဖြစ်သည်။ ဤသို့အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်ပေးခြင်းသည် အမိနိုင်ငံအပေါ်သစ္စာစောင့်သိခြင်းဖြစ်သည်။ အကယ်၍ ရွေးကောက်ပွဲတွင် ရည်ရွယ်ချက်ရှိရှိ ဆန္ဒမဲမပေးဘဲပျက်ကွက်ခြင်းသည် နိုင်ငံတော်ကကျင်းပသည့် ရွေးကောက်ပွဲအောင်မြင်မှုမရရှိရန် အသွင်သဏ္ဌာန်တစ်မျိုးဖြင့် ကြိုးပမ်းခြင်းဖြစ်သည်။ နိုင်ငံတော်ကကျင်းပပေးသည့်ရွေးကောက်ပွဲမအောင်မြင်ရန် ကြိုးပမ်းခြင်းသည် အမိနိုင်ငံတော်အပေါ် သစ္စာဖောက်ခြင်းဖြစ်သည်။

**အမိနိုင်ငံတော်အပေါ်တာဝန်ကျေပွန်ခြင်း**

အခုအချိန်တွင် ပြည်တွင်းပြည်ပအဖျက်အင်အားစုများ၏ စီမံဖန်တီးမှုများကြောင့်လည်းကောင်း၊ ပြည်ဖျက်အင်အားစုများ၏စီမံဖန်တီးမှုများကြောင့်လည်းကောင်း အမိနိုင်ငံအနေဖြင့် အခက်အခဲ၊ အကျပ်အတည်းများကို အတိုင်းအတာတစ်ခုအထိ ရင်ဆိုင်နေရသည်။ ယင်းအခက်အခဲ၊ အကျပ်အတည်းများကို အောင်မြင်စွာ ဖြေရှင်းကျော်လွှားနိုင်ရန်အတွက် အမိနိုင်ငံက ရွေးကောက်ပွဲကိုကျင်းပခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲမပျက်မကွက်ပေး၍ အမိနိုင်ငံအတွက် အသင့်လျော်ဆုံးသောကိုယ်စားလှယ်များကို ရွေးချယ်ပေးခြင်းသည် အမိနိုင်ငံ၏အခက်အခဲ၊ အကျပ်အတည်းများပြေလည်သွားရန်ကြိုးပမ်းဆောင်ရွက်ပေးခြင်းသဘောဖြစ်သည်။ အမိနိုင်ငံ၏အခက်အခဲ၊ အကျပ်အတည်းများကို ပြေလည်သွားရန် ကြိုးပမ်းဆောင်ရွက်ပေးခြင်းသည် အမိနိုင်ငံအပေါ် တာဝန်ကျေပွန်ခြင်းဖြစ်သည်။ အကယ်၍ ရွေးကောက်ပွဲတွင် ရည်ရွယ်ချက်ရှိရှိ ဆန္ဒမဲမပေးဘဲ ပျက်ကွက်ခြင်းသည် အမိနိုင်ငံအပေါ်တာဝန်မကျေပွန်ခြင်းသဘောဖြစ်သည်။

**အမိနိုင်ငံ၏ဂုဏ်ကိုမြှင့်တင်ခြင်း**

ယခုအချိန်တွင် ပြည်ပနိုင်ငံများက ကျွန်ုပ်တို့အမိနိုင်ငံတွင်ကျင်းပမည့်ရွေးကောက်ပွဲကိုစောင့်ကြည့်လျက်ရှိကြသည်။ ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့နိုင်ငံသားများ၏ဆန္ဒမဲပေးမှုအခြေအနေအပေါ်မူတည်ပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့်ဂုဏ်သတင်းအပြောင်းအလဲတစ်မျိုးတစ်မည်ဖြစ်သွားနိုင်သည်။ ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့နိုင်ငံသားများ တက်ကြွစွာဆန္ဒမဲမပျက်မကွက်ပေးကြပါက ရွေးကောက်ပွဲသည် အမှန်တကယ်တရားမျှတပြီး လွတ်လပ်သောရွေးကောက်ပွဲဖြစ်ကြောင်း ကမ္ဘာကသတ်မှတ်ကြမည်။ ဤသို့သတ်မှတ်ပေးမှုကြောင့် အမိနိုင်ငံ၏ဂုဏ်သိက္ခာနှင့်ဂုဏ်သတင်းမြင့်မားလာမည်။ အကယ်၍ ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့ ရည်ရွယ်ချက်ရှိရှိဆန္ဒမဲမပေးဘဲ ပျက်ကွက်ကြပါက ရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတမှုမရှိကြောင်း၊ ရွေးကောက်ပွဲရလဒ်များသည် ခိုင်လုံမှုမရှိကြောင်းအမျိုးမျိုးစွပ်စွဲပြောဆိုပြီး အမိနိုင်ငံ၏

စာမျက်နှာ ၁၀ သို့➤

**ရွေးကောက်ပွဲကြီးအောင်မြင်ရန် နိုင်ငံတော်တွင်သာတာဝန်ရှိသည်မဟုတ်ဘဲ ကျွန်ုပ်တို့နိုင်ငံသားများတွင်လည်း တာဝန်များစွာရှိသည်။ ယင်းတာဝန်များအနက် အဓိကတာဝန်နှစ်ရပ်ကိုဖော်ပြလိုသည်။ ပထမတာဝန်မှာ ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့အားလုံးဆန္ဒမဲမပျက်မကွက်ပေးခြင်းဖြစ်ပြီး ဒုတိယတာဝန်မှာ အမိနိုင်ငံအတွက်အသင့်လျော်ဆုံးသော ပြည်သူ့ကိုယ်စားလှယ်ကောင်းများကို မှန်ကန်စွာရွေးချယ်ပေးခြင်းဖြစ်. . .**

➤ စာမျက်နှာ ၉ မှအဆက်

ဂုဏ်သိက္ခာနှင့်ဂုဏ်သတင်းကို နှိမ့်ချကြမည်။ ဤသို့ကမ္ဘာ့နိုင်ငံများက ကျွန်ုပ်တို့အမိနိုင်ငံ၏ဂုဏ်သိက္ခာနှင့်ဂုဏ်သတင်းကို နှိမ့်ချနိုင်ခြင်းသည် ကျွန်ုပ်တို့က ဆန္ဒမဲပေးရန်ပျက်ကွက်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့နိုင်ငံသားများ တက်ကြွစွာ ဆန္ဒမဲမပျက်မကွက်ပေးခြင်းသည် အမိနိုင်ငံ၏ဂုဏ်သိက္ခာနှင့်ဂုဏ်သတင်းကို မြှင့်တင်ပေးခြင်းဖြစ်ပြီး ရွေးကောက်ပွဲဆန္ဒမဲမပေးဘဲ ရည်ရွယ်ချက်ရှိရှိ ပျက်ကွက်ခြင်းသည် အမိနိုင်ငံ၏ဂုဏ်သိက္ခာနှင့်ဂုဏ်သတင်းကို နှိမ့်ချခြင်းဖြစ်သည်။

**အမိနိုင်ငံအပေါ် နိုင်ငံရေးအသိအမြင်မြင့်မားခြင်း**

နိုင်ငံတစ်နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာက လေးစားတန်ဖိုးထားဆက်ဆံခြင်းခံရသည့်နိုင်ငံအဖြစ်သို့ရောက်ရှိရန် အဆင့်မြင့်အစိုးရတစ်ရပ်လိုအပ်သည်။ အဆင့်မြင့်အစိုးရတစ်ရပ်ဆိုသည်မှာ သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးရပ်မြင့်မားစွာပိုင်ဆိုင်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားသော အစိုးရတစ်ရပ်ကို ဆိုလိုခြင်းဖြစ်သည်။ ဤသို့ အဆင့်မြင့်အစိုးရတစ်ရပ်ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်မှနေ၍ ယခုကဲ့သို့ ရွေးကောက်ပွဲကျင်းပပေးသည်။ သို့သော် နိုင်ငံသားများအားလုံး တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါက နိုင်ငံတော်၏ရည်ရွယ်ချက်အောင်မြင်နိုင်မည်မဟုတ်ချေ။

နိုင်ငံသား၏တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်မှုသည် အဓိကအခန်းကဏ္ဍမှပါဝင်နေသည်။ ဤကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် ရွေးကောက်ပွဲတွင် ဆန္ဒမဲမပျက်မကွက်ပေးခြင်းသည် အမိနိုင်ငံတော်နှင့်တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံသားများ၏ ပူးပေါင်းဆောင်ရွက်မှုကို အမိနိုင်ငံက လိုအပ်နေချိန်တွင် မပျက်မကွက် အချိန်မီပူးပေါင်းဆောင်ရွက်ခြင်းသည် အမိနိုင်ငံအပေါ် နိုင်ငံရေးအသိအမြင်မြင့်မားခြင်းသဘောဖြစ်သည်။ အကယ်၍ ရွေးကောက်ပွဲတွင် ရည်ရွယ်ချက်ရှိရှိ ဆန္ဒမဲမပေးဘဲပျက်ကွက်ပါက အမိနိုင်ငံအပေါ် နိုင်ငံရေးအသိအမြင်နိမ့်ကျခြင်းသဘောဖြစ်သည်။

**ကျွန်ုပ်တို့ဆန္ဒမဲမပျက်မကွက်ပေးကြပါက**

ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့နိုင်ငံသားများ တက်ကြွစွာဆန္ဒမဲပေးကြပါက ကျွန်ုပ်တို့သည် အမိနိုင်ငံ၏ကျေးဇူးတရားကို ပေးဆပ်နေသူများ၊ အမိနိုင်ငံအပေါ်လေးစားတန်ဖိုးထားနေသူများ၊ အမိနိုင်ငံအပေါ် သစ္စာစောင့်သိနေသူများ၊ အမိနိုင်ငံအပေါ်တာဝန်ကျေပွန်နေသူများ၊ အမိနိုင်ငံ၏ဂုဏ်ကို မြှင့်တင်ပေးနေသူများ၊ အမိနိုင်ငံအပေါ် နိုင်ငံရေးအသိမြင့်မားနေသူများအဖြစ်ရပ်တည်နေကြသူများအဖြစ်သို့ရောက်ရှိလာကြသည်။ ဤကဲ့သို့ ဂုဏ်သိက္ခာနှင့်တန်ဖိုးမြင့်သောပုဂ္ဂိုလ်များအဖြစ်သို့ရောက်ရှိရခြင်းသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲကို မပျက်မကွက်ပေးစေလိုသည့် အမိနိုင်ငံ၏ဆန္ဒကို ကျွန်ုပ်တို့လေးစားတန်ဖိုးထားစွာလိုက်နာဆောင်ရွက်သောကြောင့်ဖြစ်သည်။

**ကျွန်ုပ်တို့ဆန္ဒမဲမပေးဘဲပျက်ကွက်ကြပါက**

ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့နိုင်ငံသားများရည်ရွယ်ချက်ရှိရှိ ဆန္ဒမဲမပေးဘဲပျက်ကွက်ကြပါက ကျွန်ုပ်တို့သည် အမိနိုင်ငံ၏ကျေးဇူးတရားကိုကန်းနေကြသူများ၊ အမိနိုင်ငံအပေါ် လေးစားတန်ဖိုးထားမှုမရှိသူများ၊ အမိနိုင်ငံအပေါ် သစ္စာမဲ့နေသူများ၊ အမိနိုင်ငံအပေါ် တာဝန်မကျေပွန်သူများ၊ အမိနိုင်ငံ၏ဂုဏ်သိက္ခာကို နှိမ့်ချနေသူများ၊ အမိနိုင်ငံအပေါ် နိုင်ငံရေးအသိအမြင်နိမ့်ကျနေသူများအဖြစ်သို့ ရောက်ရှိသွားသည်။ ဤကဲ့သို့ ဂုဏ်သိက္ခာနှင့်တန်ဖိုးနိမ့်ကျသော ပုဂ္ဂိုလ်များအဖြစ်သို့ရောက်ရှိရခြင်းသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲမပျက်မကွက်ပေးစေလိုသည့် အမိနိုင်ငံ၏ဆန္ဒကိုမလိုက်နာသောကြောင့်ဖြစ်သည်။

**မနုဿစဉ်းစားဆင်ခြင်တတ်သောလူသားပီပီ**

ယခုအချိန်တွင် အမိနိုင်ငံတော်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟူသောလမ်းကြောင်းမှန်ကို ကျွန်ုပ်တို့နိုင်ငံသားများအတွက်ခင်းပေးလျက်ရှိသည်။ သို့သော် ပြည်တွင်းပြည်ပအဖျက်အင်အားစုများကကျင်းပပေးမည့် ရွေးကောက်ပွဲကြီးပျက်ပြားရေးဟူသောလမ်းကြောင်းမှားကို ကျွန်ုပ်တို့နိုင်ငံသားများအတွက် ခင်းပေးလျက်ရှိပြန်သည်။ အမိနိုင်ငံတော်ကခင်းပေးသောလမ်းကြောင်းမှန်ကို ကျွန်ုပ်တို့ရွေးချယ်လျှောက်လှမ်းပါက မင်္ဂလာကျက်သရေအပေါင်းခညောင်းသည့် နိုင်ငံတော်၊ မင်္ဂလာကျက်သရေအပေါင်းနှင့်ပြည့်စုံသည့်နိုင်ငံသားအဖြစ်သို့ရောက်ရှိမည်။ ပြည်ဖျက်အင်အားစုများခင်းပေးသောလမ်းမှားကို ကျွန်ုပ်တို့ရွေးချယ်လျှောက်လှမ်းပါက အမင်္ဂလာအပေါင်းနှင့်ပြည့်စုံသောနိုင်ငံ၊ အမင်္ဂလာအပေါင်းခံစားနေရသောနိုင်ငံသားများအဖြစ်သို့ ကျွန်ုပ်တို့ရောက်ရှိကြမည်။ ကျွန်ုပ်တို့လမ်းမှန်ကိုရွေးကြမည်လော သို့မဟုတ် လမ်းမှားကိုရွေးကြမည်လော။ မနုဿဆိုသည်မှာ စဉ်းစားဆင်ခြင်တတ်ခြင်းဟူ၍ အဓိပ္ပာယ်ရသည်။ ကျွန်ုပ်တို့သည် မနုဿစဉ်းစားဆင်ခြင်တတ်သောလူသားများပီပီ အမိနိုင်ငံတော်ကခင်းပေးသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟူသောလမ်းမှန်ကိုသာ ရွေးချယ်ကြရမည်သာဖြစ်သည်။

**ကျွန်ုပ်တို့တာဝန်ကျေပွန်ရန်သာလိုပါသည်**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုပါသည်။ အမိနိုင်ငံတော်ကခင်းပေးသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟူသော လမ်းကြောင်းမှန်ရာနှုန်းပြည့်အောင်မြင်ရန်အတွက် ကျွန်ုပ်တို့ထမ်းဆောင်ရမည့် တာဝန်နှစ်ရပ်ရှိသည်။ ပထမတာဝန်မှာ ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့နိုင်ငံသားများ တက်ကြွစွာ ဆန္ဒမဲကိုမပျက်မကွက်ပေးရေးဖြစ်ပြီး ဒုတိယတာဝန်မှာ အမိနိုင်ငံတော်အတွက် သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးရပ်နှင့်ပြည့်စုံသည့် ပြည်သူ့ကိုယ်စားလှယ်ကောင်းများကို ရွေးချယ်ပေးရေးဖြစ်သည်။ ဤတာဝန်နှစ်ရပ်ကို ကျွန်ုပ်တို့နိုင်ငံသားများ ကျေပွန်စွာထမ်းဆောင်ကြပါက ကျွန်ုပ်တို့အားလုံးမျှော်မှန်းတောင့်တနေသည့် နိုင်ငံတော်ကြီးနှင့် ကျွန်ုပ်တို့မျှော်မှန်းတောင့်တသည့်ဘဝအခြေအနေအမျိုးမျိုးကို မလွဲမသွေရယူပိုင်ဆိုင်ရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# သထုံမြို့နယ်၌ မဲရုံမှူး ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်ဆင့်ပွားသင်တန်းဖွင့်လှစ်



သထုံ နိုဝင်ဘာ ၂၇

မွန်ပြည်နယ် သထုံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ စီစဉ်ကျင်းပသည့် မြို့နယ်အဆင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန် ဆင့်ပွားသင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၂၇ ရက်တွင် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းထွန်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးချမ်းငြိမ်းခန့်က ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သထုံမြို့နယ်အတွင်းရှိ မဲရုံစုစုပေါင်း ၈၀ တို့မှ မဲရုံမှူး၊ ဒုတိယမဲရုံမှူး စုစုပေါင်း ၁၆၀ ဦး တက်ရောက်ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့်အဖွဲ့ဝင်များ၊ သထုံခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သထုံမြို့နယ်အတွင်းရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကဝ နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်မီးသတ်ဦးစီးဌာနမှ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပေးနှိုးဆော်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် စက်သုံးဆီဆိုင်များကို လိုက်လံစစ်ဆေးခြင်းနှင့် ကဝမြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း လိုက်လံစစ်ဆေးခြင်းတို့ကို နိုဝင်ဘာလ ၂၇ ရက်တွင် ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလိုက်လံနှိုးဆော်ရာတွင် ကဝမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးမင်းသူဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ရုံးမှဝန်ထမ်းများက မီးသတ်တပ်ဖွဲ့မှ ထုတ်ပြန်ထားသော မီးဘေးသတိမူရေး နှိုးဆော်ချက်များအား လိုက်နာဆောင်ရွက်ကြရန်နှင့် ရုံးဌာနအဆောက်အအုံများနှင့် အိမ်တိုင်းတွင် မီးချိတ်မီးကပ်၊ ရေပုံး၊ သဲပုံးများပြုလုပ်ထားရန်၊ အိမ်တိုင်းအိမ်တိုင်းတွင် ရေအိုး၊ ရေကန်၊ ရေပီပါများ ရေအပြည့်ထားရှိရန်၊ မီးဖိုနှင့်ထရံကြားတွင် မီးမလောင်နိုင်သောပစ္စည်းသွပ်ပြား၊ သံပြားများကာရံထားရန်၊ မီးဖိုနှင့် အမိုးအား အနည်းဆုံး ၅ ပေအကွာတွင်သာထားရှိရန်၊ ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ဝိုင်ယာကြိုးများအား အသုံးမပြုကြရန် စသည့်အချက်များကို လိုက်လံအသိပေးနှိုးဆော်ကြသည်။

ၾင်းအပြင် ကဝမြို့နယ် မီးသတ်ဦးစီးဌာနဦးစီးအရာရှိဦးဆောင်သောအဖွဲ့သည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းများအား စစ်ဆေးခြင်းများဆောင်ရွက်ကြောင်း သိရသည်။ **အောင်ဖြူလင်း(၄၁၀)**

MWD Education, Knowledge & Sports Channel

၂၈-၁၁-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ – ၀၈:၄၅ | Grade – 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ – ၁၅:၅၅ | Grade – 9 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၃။ | ၁၅:၅၅ – ၁၇:၃၀ | Grade – 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

# မြဝတီဒေသတွင်ဖြစ်ပေါ်နေသော Online လောင်းကစားမှုများကို နှိမ်နင်းနေသည့်အခြေအနေများနှင့် ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကရင်ပြည်နယ် မြဝတီဒေသဆိုတာ ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်တွင်ရှိပြီး အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အာရှလမ်းမကြီး၏ အချက်အချာကျတဲ့ နယ်မြေဖြစ်ပါတယ်။ ဒီနယ်မြေမှာ ကရင်လက်နက်ကိုင်အဖွဲ့အစည်းအများအပြားစု အခြေချလှုပ်ရှားနေပါတယ်။ ၂၀၁၅ ခုနှစ်မှာ NCA သဘောတူစာချုပ်ကို ကရင်လက်နက်ကိုင်အဖွဲ့တွေဖြစ်တဲ့ DKBA၊ KNU/KNLA-PC၊ KNU တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး နယ်မြေတည်ငြိမ်မှုရှိလာတာနဲ့အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလိုငြိမ်းချမ်းရေးတည်ဆောက်နေ



လုပ်ငန်းတွေနဲ့အတူ လူမိုက်မာဖီးယားတွေရဲ့ ဥပဒေမဲ့ အနိုင်ကျင့်နှိပ်စက်မှုကိုလည်း ခံခဲ့ကြရကြောင်း တွေ့ရှိကြရပါတယ်။ ဒါ့ကြောင့် မြဝတီဒေသကိုလည်း သီဟာနုဘေလ်လိုဖြစ်မှာ ဒေသခံကရင်တိုင်းရင်းသားတွေက စိုးရိမ်ခဲ့ကြပြီး ဒီစီမံကိန်းတွေနဲ့ လောင်းကစားလုပ်ငန်းတွေကို လက်မခံဘဲ ကန့်ကွက်ခဲ့ကြပါတယ်။ ရွှေကုက္ကိုလ်၊ ကျောက်ခတ်နဲ့ KK Park မှာရှိနေတဲ့ ရာဇဝတ်ဂိုဏ်းတွေ၊ ငွေလိမ်ဂိုဏ်းတွေနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ KNU ခေါင်းဆောင်တွေကို ဖော်ထုတ်အရေးယူပေးဖို့ကိုလည်း ၂၀၂၃ ခုနှစ် ဧပြီလအတွင်း လိမ်လည် လောင်းကစားလုပ်ငန်းတွေမှာ KNU ခေါင်းဆောင်ပိုင်းက အတွင်းကျကျ ပါဝင်ပတ်သက်နေတယ်ဆိုတာ ထင်ရှားစွာ တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

မြဝတီဒေသမှာ အခုလိုမျိုး တရားမဝင်အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်နေတာကို နိုင်ငံတော်အစိုးရအနေနဲ့ လက်ခံခွင့်ပြုပေးခဲ့တာမဟုတ်ပါဘူး။ ဒီလုပ်ငန်းတွေရဲ့အစက ၂၀၁၇ ခုနှစ်က စတင်ခဲ့တဲ့ ရွှေကုက္ကိုလ်စီမံကိန်းဖြစ်ပါတယ်။ ရွှေကုက္ကိုလ်စီမံကိန်းဆိုတာ မြန်မာ-ရထိုက် ရွှေကုက္ကိုလ် အထူးစီးပွားရေးဇုန်စီမံကိန်း အဖြစ် Yatai International Holding

ရွှေကုက္ကိုလ်နယ်မြေ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ အခြေအနေ



ရွှေကုက္ကိုလ်နယ်မြေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ အခြေအနေ



ကျောက်ခတ်နယ်မြေ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ အခြေအနေ



ကျောက်ခတ်နယ်မြေ ၂၀၂၃ ခုနှစ်၊ မတ်လ အခြေအနေ



တဲ့ကာလ ၂၀၁၆ ခုနှစ်မှာ အခွင့်ကောင်းယူတစ်ဖက်လှည့်အကြောင်းပြပြီး KNU တပ်မဟာ ၇ နယ်မြေထဲက ရွှေကုက္ကိုလ်စီမံကိန်းကို စတင်ခဲ့တာဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွင်း ကျောက်ခတ်ကျေးရွာမှာ Chongkhaed Garden Resort လောင်းကစားရုံစီမံကိန်းနဲ့ ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းမှာတော့ တပ်မဟာ ၆ နယ်မြေ မဲ့ထော်သလေးဒေသမှာ KK Park စီမံကိန်းတို့ကို စတင်လုပ်ဆောင်ခဲ့ကြကြောင်း တွေ့ရှိရပါတယ်။

KNU ခေါင်းဆောင်ပိုင်းတွေအနေနဲ့ လုပ်ပိုင်ခွင့်ကို တရားဥပဒေမဲ့အသုံးချကာ နိုင်ငံပိုင်မြေတွေကို နှစ်ရှည်စာချုပ်ချုပ်ပြီး ပြည်ပနိုင်ငံသားတွေကို ငှားရမ်းတာ၊ တရားမဝင် လောင်းကစားလုပ်ငန်းအပါအဝင် ဒုစရိုက်လုပ်ငန်းတွေကို အခကြေးငွေယူပြီး အကာအကွယ်ပေးတာတွေလုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ ဒီနယ်မြေမှာ အခြေချလာတဲ့ ပြည်ပနိုင်ငံသားတွေ အများစုဟာ ကမ္ဘောဒီးယားနိုင်ငံက ကာစီနိုလောင်းကစားမြို့ဖြစ်တဲ့ သီဟာနုဘေလ်ကနေ ပြောင်းရွှေ့လာကြတာဖြစ်ပါတယ်။ ဒီသီဟာနုဘေလ်မှာ လောင်းကစားလုပ်ငန်းတွေထွန်းကားလာတဲ့အခါ ဒုစရိုက်မှုတွေ ထူပြောလာသလို ဒေသခံတွေအတွက် ဘာသာစကားမကျွမ်းကျင်မှုကြောင့် စီးပွားရေးလုပ်ရာမှာ အခက်အခဲတွေဖြစ်ခဲ့ရတဲ့အပြင် တစ်မြို့လုံးကို နိုင်ငံခြားသားတွေ လွှမ်းမိုးလာခဲ့ပါတယ်။ ဒါ့အပြင် ကာစီနိုမှာ ကျင်းပတဲ့ KNU ကွန်ဂရက်မှာ တောင်းဆိုခဲ့တာ တွေ့ရှိရပါတယ်။ KNU က စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုဖွဲ့စည်းပြီး စုံစမ်းမှုတွေ ဟန်ပြလုပ်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေကို ပွင့်လင်းမြင်သာစွာနဲ့ ဒေသခံပြည်သူလူထုကို ဘာမှမချပြတဲ့အပြင် အရေးယူဆောင်ရွက်မှုတွေကိုလည်း ဘာတစ်ခုမှလုပ်တာ မတွေ့ရှိရပါဘူး။ ဒါကိုကြည့်ရင် ဒီမြဝတီဒေသမှာဖြစ်နေတဲ့ တရားမဝင်အွန်လိုင်း Group နဲ့ ချစ်လင်းမြိုင်ကုမ္ပဏီတို့က ပူးပေါင်းလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းတွေစတင်ဖို့ကို ၂၀၁၆ ခုနှစ်လောက်ကတည်းက ပြင်ဆင်ခဲ့တာဖြစ်ပြီး အဲဒီတုန်းက NLD အစိုးရရဲ့ ကရင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ ဆွေးနွေးတိုင်ပင်မှုတွေ လုပ်ဆောင်ခဲ့ကြောင်းသိရှိရပါတယ်။ နောက်ပိုင်း ၂၀၁၇ ခုနှစ် ဧပြီလထဲမှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို

စာမျက်နှာ ၁၂ သို့ →


KK Park နယ်မြေ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ အခြေအနေ



KK Park နယ်မြေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ



မင်းလက်ပံနယ်မြေ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ အခြေအနေ



မင်းလက်ပံနယ်မြေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ အခြေအနေ



**➜ စာမျက်နှာ ၁၁ မှအဆက်**

တင်ပြခွင့်ပြုချက်ယူခဲ့ကြောင်း သိရှိရပြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကတော့ စီမံကိန်းတင်ပြရာမှာ လောင်းကစားရုံတွေတည်ဆောက်မယ့် အစီအစဉ်မပါဝင်ဘူးလို့ဆိုခဲ့တာကိုလည်း တွေ့ရှိရပါတယ်၊ ဒီစီမံကိန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) က ၂၅ ဒသမ ၅ ဧကသာ ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းမှာ ခွင့်ပြုပေးထားတဲ့ အဆောက်အအုံတွေထက်ပိုမိုဆောက်လုပ်နေကြောင်း ပြည်သူတွေက တိုင်ကြားတဲ့အတွက် ဒါနဲ့ပတ်သက်ပြီးလည်း အဲ့ဒီအချိန်က တာဝန်ရှိတဲ့ NLD အစိုးရအနေနဲ့ ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့တာကြောင့် စီမံကိန်းလုပ်ငန်းတွေ ယာယီရပ်ဆိုင်းခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ဒီစီမံကိန်းကိစ္စကို အဲဒီတုန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးရဲ့ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ မြဝတီမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မေးခွန်းမေးမြန်းတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနဲ့နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက ပြန်လည်ဖြေကြားတဲ့အခါ မြေ ၂၅ ဒသမ ၅ ဧကပေါ်မှာ အဆင့်မြင့်လူနေအိမ်တွေ ဆောက်လုပ်ဖို့အတွက် ဥပဒေနဲ့အညီ စိစစ်ခွင့်ပြုခဲ့တာဖြစ်ကြောင်း၊ ဥပဒေအရလိုက်နာရမယ့် စည်းကမ်းချက်တွေကိုလိုက်နာဖို့ပျက်ကွက်ရင်၊ ချိုးဖောက်သွေဖည်ခဲ့ရင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့တာ တွေ့ရှိရပါတယ်။ နောက်ပိုင်းမှာ လောင်းကစားလုပ်ငန်းတွေနဲ့ ပတ်သက်နေတဲ့သူတွေက ရပ်ဆိုင်းနေတဲ့လုပ်ငန်းတွေ ဆက်လုပ်လို့ရအောင် တရုတ်နိုင်ငံက အကောင်အထည်ဖော်နေတဲ့ BRI စီမံကိန်းမှာ ပါဝင်သယောင် ဝါဒဖြန့်ခဲ့တာတွေ့ရှိရတဲ့အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက BRI စီမံကိန်းမှာမပါဝင်ကြောင်း ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတုန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို သံအမတ်ကြီး မစ္စတာချန်ဟိုင် လာရောက်တွေ့ဆုံစဉ်မှာ ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဒီရွှေကုက္ကိုလ်စီမံကိန်းတစ်ခုတည်းသာ နိုင်ငံတော်ကို တစ်စိတ်တစ်ပိုင်းတင်ပြပြီး ဆောင်ရွက်ခဲ့တာဖြစ်ပေမယ့် ကျန်တဲ့ကျောက်ခတ်နဲ့ KK Park စတဲ့ စီမံကိန်းတွေကတော့ လုံးဝတင်ပြခဲ့တာမရှိဘူးဆိုတာလည်း တွေ့ရှိရပါတယ်။

နောက်လောင်းကစားလုပ်ငန်းစီမံကိန်းတစ်ခုဖြစ်တဲ့ မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာမှာလုပ်နေတဲ့ Chongkhaed Garden Resort လောင်းကစားရုံစီမံကိန်းကို KKO အဖွဲ့က ဗိုလ်မှူးချုပ်အဆင့်ရှိတဲ့ စိုင်းကျော်လှက ၂၀၁၇ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာတော့ ထိုင်းနိုင်ငံအခြေစိုက် ထိုက်ချန်ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေကို တိုးချဲ့လုပ်ကိုင်ခဲ့တာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

KK Park စီမံကိန်းကိုတော့ KNU အဖွဲ့ရဲ့ မုလအိအလင်း( Mu La Ei Ahlin) ကုမ္ပဏီနဲ့ ဟွာ့ညအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစု (Huanya International Holding Group) လက်အောက်ခံ ထိုင်းနိုင်ငံအခြေစိုက် Trans Asia International Holding Group တို့က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းမှာ သဘောတူစာချုပ်ချုပ်ပြီး စတင်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဒီစာချုပ်မှာ မုလအိအလင်းဘက်က အသိသက်သေများအနေနဲ့ လက်ရှိ KNU ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေတဲ့ စောကွယ်ထူးဝင်းနဲ့ KNU ကာကွယ်ရေးဌာနရဲ့ အကြီးအကဲဖြစ်တဲ့ စောရော်ဂျာခင်တို့ ကိုယ်တိုင်လက်မှတ်ရေးထိုးထားကြောင်းကိုလည်း ကျွန်တော်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ မုလအိအလင်းကုမ္ပဏီဆိုတာ KNLA စစ်ဦးစီးချုပ်အဆင့်ရှိ စောဂျော်နီရဲ့သားအကြီးဆုံးဖြစ်တဲ့ စောဒို့စိုးဂျော်နီကပိုင်ဆိုင်တာဖြစ်ပြီး မြေပြင်မှာတော့ သူ့လူယုံတွေဖြစ်တဲ့ စောဝင်းကျော်နဲ့ စောကျော်သူတို့က လုပ်ကိုင်နေတာဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း နိုင်ငံရေးဖြစ်စဉ်တွေကြောင့် နိုင်ငံတော်ရဲ့ လုံခြုံရေးအခြေအနေတွေအပေါ် အခွင့်ကောင်းယူပြီး ဒီဒေသတွေမှာ တရားမဝင်အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်နေကြောင်းသိရှိခဲ့ရပါတယ်။ ဒီအဆောက်အအုံတွေဆောက်လုပ်ဖို့အတွက် ပစ္စည်းကိရိယာတွေ၊ အခြေခံလိုအပ်ချက်တွေကို ထိုင်းနိုင်ငံဘက်ကတစ်ဆင့် တင်သွင်းခဲ့တာဖြစ်သလို နိုင်ငံခြားသားပိုင်ကုမ္ပဏီများက ကြီးကြပ်လုပ်ကိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီပုံတွေကတော့ ဂြိုဟ်တုဓာတ်ပုံတွေအရ ၂၀၂၁ ခုနှစ်ကနေ ၂၀၂၅ ခုနှစ်အထိ အဲဒီဒေသအတွင်းမှာ တိုးချဲ့ဆောက်လုပ်ခဲ့တဲ့ အဆောက်အအုံပုံတွေကို သိသာထင်ရှားစွာတွေ့ရမှာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလကစလို့ သက်ဆိုင်ရာ ကရင်ပြည်နယ်အစိုးရကို တရားမဝင်အဆောက်အအုံတွေ ဆောက်လုပ်နေထိုင်မှုမရှိစေရေး စစ်ဆေးကြပ်မတ်ဖို့ ညွှန်ကြားခဲ့တဲ့အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ကလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဲဒီတရားမဝင်အဆောက်အအုံတွေဆောက်လုပ်တဲ့ နယ်မြေတွေက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ-၇ ရရှိထားတဲ့သူတွေကို တရားစွဲပြီး လုပ်ထုံးလုပ်နည်းတွေအတိုင်း လုပ်ပိုင်ခွင့်တွေ ပယ်ဖျက်ခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရား လက်လှမ်းမီပြီး တည်ငြိမ်အေးချမ်းတဲ့ နယ်မြေဒေသတွေမှာ အခုလိုတရားမဝင်တဲ့ ဒုစရိုက်ရာဇဝတ်မှုတွေကို လုပ်ဆောင်လို့မရနိုင်ပါဘူး။ ဒါ့ကြောင့် KNU အဖွဲ့ဟာ ၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ KNU တပ်မဟာ ၅ က ဖာပွန်မြို့နယ်ထဲမှာရှိတဲ့ သီးမူးထာ နယ်မြေခံလုံခြုံရေးစခန်းကို စတင်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး NCA သဘောတူညီချက်တွေကို ချိုးဖောက်ကာ နယ်မြေဒေသတည်ငြိမ်မှုမရှိစေဖို့ စတင်ဖန်တီးခဲ့ပါတယ်။ KNU တပ်မဟာ ၆ က ပြည်တွင်းမှာ အကြမ်းဖက်ဆူပူဆန္ဒပြမှုတွေလုပ်ဆောင်ပြီး ထွက်ပြေးတိမ်းရှောင်လာတဲ့ လူငယ်တွေကိုလက်ခံကာ စစ်သင်တန်းတွေပေးခဲ့သလို NUG အကြမ်းဖက်အဖွဲ့နဲ့ပူးပေါင်းပြီး PDF အကြမ်းဖက်သမားတွေကို လက်နက်ပါတပ်ဆင်ပေးတဲ့အထိလုပ်ဆောင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် ဧပြီလ ၅ ရက်နေ့မှာတော့ သင်္ကန်းညီနောင်မြို့ကို KNU နဲ့ PDF တို့ပေါင်းပြီး တိုက်ခိုက်သိမ်းပိုက်ခဲ့သလို ကော့ကရိတ်နဲ့ သင်္ကန်းညီနောင်မြို့ကြားက အာရှလမ်းမကြီးကို အကြမ်းဖက်သောင်းကျန်းသူတွေက ထိန်းချုပ်ခဲ့ကြပါတယ်။ ကရင်ပြည်နယ် နယ်စပ်ဒေသအနှံ့အပြားမှာ KNU နဲ့ အပေါင်းအပါ သောင်းကျန်းသူအဖွဲ့တွေက လုံခြုံရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တွေကို တိုက်ပွဲဖော်ဆောင်ပြီး နယ်မြေဒေသမတည်ငြိမ်အောင်လုပ်ခဲ့ပါတယ်။ ဒီလိုမျိုးလုပ်ဆောင်မှုတွေနဲ့ နိုင်ငံတော်ရဲ့လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတွေ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းတွေကို KNU ထိန်းချုပ်နယ်မြေတွေထဲကနေဖယ်ရှားပြီး အခုဖြစ်ပေါ်နေတဲ့ Online လိမ်လည်လောင်းကစားမှုနဲ့ ဒုစရိုက်လုပ်ငန်းတွေကို သောင်းကျန်းသူအဖွဲ့တွေက အခကြေးငွေယူ အကာအကွယ်ပေးပြီး ဥပဒေမဲ့လုပ်ဆောင်လာခဲ့ကြတာဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ ဒီ Online

**စာမျက်နှာ ၁၃ သို့ ➜**

→ စာမျက်နှာ ၁၂ မှအဆက်

လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အမြစ်ပြတ်ချေမှုန်းဖို့ ရည်မှန်းထားတဲ့အတိုင်း ဒီသောင်းကျန်းသူတွေ ယာယီထိန်းချုပ်ထားတဲ့ အာရှလမ်းမကြီးပေါ်က ကျုံဒိုး – ကော့ကရိတ်လမ်းပိုင်းကို ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ကော့ကရိတ်မြို့နဲ့ ကော့ကရိတ် – သက်န်းညီနောင်လမ်းပိုင်းကို စက်တင်ဘာလအတွင်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ အသက်သွေးချွေးတွေ ပေးဆပ်ပြီး ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ KNU နဲ့အပေါင်းအပါသောင်းကျန်းသူတွေဟာ ရရှိလာတဲ့ တရားမဝင်ငွေကြေးနဲ့ လူအင်အား၊ ငွေအင်အားအလုံးအရင်းသုံးပြီး နယ်မြေတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးပျက်ပြားအောင် လုပ်ဆောင်ခဲ့တာကို တပ်မတော်က ခက်ခက်ခဲခဲပြန်လည်တိုက်စစ်ဆင်ပြီး တည်ငြိမ်မှုရှိအောင်လုပ်ခဲ့ရပါတယ်။ အောက်တိုဘာလ ၁၉ ရက်နေ့မှာတော့ လေးကေ့ကော်အပါအဝင် နယ်စပ်ဒေသတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မြဝတီဒေသကို နယ်မြေစိုးမိုးရေး ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ထိုင်းနိုင်ငံဘက်ကနေ တရားမဝင်လမ်းကြောင်းတွေကတစ်ဆင့် နယ်စပ်ဖြတ်ကျော်ပြီး ကျွန်တော်တို့နိုင်ငံထဲကို ဝင်ရောက်လာပြီး ဒီ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းအပါအဝင် ဒုစရိုက်လုပ်ငန်းတွေလုပ်ဆောင်ခဲ့ကြတဲ့ ပြည်ပနိုင်ငံသားတွေကို အဆက်မပြတ်ဖမ်းဆီးထိန်းသိမ်းကာ သက်ဆိုင်ရာနိုင်ငံတွေကို ပြည်နှင်လွှဲပြောင်းပေးမှုတွေ ဆက်လက်ဆောင်ရွက်နေပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ကနေ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့အထိ နိုင်ငံပေါင်း ၅၂ နိုင်ငံက နိုင်ငံခြားသား ၆၈၅၈၂ ဦးကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။ မြဝတီဒေသမှာ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေနဲ့ ဒုစရိုက်လုပ်ငန်းတွေ ပြန်လည်အခြေမချနိုင်စေဖို့အတွက် တရားမဝင်ဆောက်လုပ်ထားတဲ့အဆောက်အအုံတွေကို အပြီးတိုင်ဖြိုချဖျက်ဆီးရှင်းလင်းခြင်းတွေ ဆောင်ရွက်နေပါတယ်။ KK Park နယ်မြေထဲမှာ ဒီနေ့အထိ ၂၅၆ လုံးကို ဖြိုချဖျက်ဆီးရှင်းနိုင်ခဲ့ပြီး ကျန်ရှိတဲ့ ၃၇၉ လုံးကိုလည်း ဆက်လက်ဖြိုချဖျက်ဆီးသွားမှာဖြစ်ပါတယ်။ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေကို ကျွန်တော်တို့ တိုက်ဖျက်ရှင်းလင်းနေမှုအပေါ် KNLA နဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့ပူးပေါင်းပြီး မြဝတီဒေသ၊ လေးကေ့ကော်နဲ့ အနီးဝန်းကျင်တစ်ဝိုက်မှာ တိုက်ပွဲတွေဖော်ဆောင်ကာ အမျိုးမျိုးနှောင့်ယှက်နေပါတယ်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ကနေ နိုဝင်ဘာလ ၂၆ ရက်နေ့အတွင်း တိုက်ပွဲဖြစ်စဉ် ၂၅ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ အသက်ခန္ဓာစွန့်လွှတ်ခဲ့ရပေမယ့် ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေ အောင်မြင်တဲ့အထိ တရားမဝင် ဒုစရိုက်လုပ်ငန်းတွေကို ဆက်လက်ရှင်းလင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဲဒီဒေသကအချို့အခိုင်အမာအဆောက်အအုံတွေကို ဆိုရင် Online လောင်းကစားမှုပြန်လည်မလုပ်ဆောင်နိုင်အောင် မြေလှန်ဖျက်ဆီးမှု၊ မိုင်းခွဲဖျက်ဆီးမှုတွေလုပ်ပြီး ရေသောက်မြစ်အမြစ်ဖြတ်ဖျက်ဆီးလျက်ရှိပါတယ်။

ဖမ်းဆီးထိန်းသိမ်းရမိတဲ့ နိုင်ငံခြားသားတွေရဲ့ ထွက်ဆိုချက်တွေကိုကြည့်ရင် သူတို့ဟာ ထိုင်းနိုင်ငံဘက်ကနေ မြန်မာနိုင်ငံထဲကို ဝင်ရောက်လာတာဖြစ်ပြီး ဒါကိုလည်း ကျွန်တော်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အလားတူထွက်ဆိုချက်တွေလည်း ကျွန်တော်တို့ဆီမှာ အများကြီးရရှိထားပါတယ်။ ဒီနိုင်ငံခြားသားတွေကို သူတို့နိုင်ငံရဲ့ အစိုးရတွေလာမခေါ်မချင်း သူတို့ကို ထိန်းသိမ်းထားရတဲ့တာဝန် အင်မတန်ကြီးပါတယ်။ တစ်နေ့တာလိုအပ်တဲ့အစားအစာအပြင် သောက်ရေ၊ သုံးရေကအစ ဝတ်စရာနဲ့ အိပ်ရာအဆုံးအားလုံးကို နိုင်ငံတော်က ဖြည့်ဆည်းပေးထားရတာဖြစ်ပါတယ်။ စားစရိတ်အတွက်မှာတင် တစ်နေ့သုံးနပ်စာအတွက် တစ်ဦးကို တစ်သောင်းခွဲကျပ်နှုန်း အနည်းဆုံးကုန်ကျပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ကနေ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့အထိ ငွေကျပ်သိန်းတစ်သောင်းသုံးထောင်ကျော် (၁၃၃၆၀၅၀၀၀၀ ကျပ်) သုံးစွဲကုန်ကျခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံသိက္ခာမကျအောင် အခုလိုဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေအနေနဲ့ ကိုယ့်နိုင်ငံသားကို အမြန်ဆုံးလာရောက်ခေါ်ဆောင်ပေးကြဖို့ကိုလည်း ပြောကြားလိုပါတယ်။ ပြည်ဖျက်မီဒီယာတွေကတော့ ဒါကိုအခွင့်ကောင်းယူပြီး အဖျက်အမှောင့်တွေလုပ်ဆောင်နေသလို အစိုးရအပေါ် မီဒီယာအားနဲ့ ထိုးနှက်တိုက်ခိုက်မှုတွေ လုပ်နေကြတဲ့အတွက် သတိရှိကြဖို့လိုပါတယ်။ အမေရိကန်နိုင်ငံက သူတို့နိုင်ငံသားတွေကို Online လိမ်လည်မှုကနေ ကာကွယ်ဖို့အတွက် Scam Center Strike Force (SCSF) ဖွဲ့ပြီးဆောင်ရွက်နေကြောင်း ထုတ်ပြန်ခဲ့သလို အောက်လွှတ်တော်မှာလည်း မြန်မာ့အရေးဆွေးနွေးမှုတွေပြုလုပ်ပြီး Online လိမ်လည်လောင်းကစားမှုနှိမ်နင်းရေးကိစ္စတွေကို ဝင်ရောက်စွက်ဖက်ဖို့ ပြောဆိုလာတာတွေ တွေ့ရှိရပါတယ်။ ဒါဟာ ပွဲလန့်တုန်းဖျာခင်းတဲ့ကိစ္စလို့ ကျွန်တော်တို့မြင်ပါတယ်။

ဒီကြားထဲမှာ အကြမ်းဖက် KNU အဖွဲ့အနေနဲ့ နိုဝင်ဘာလ ၂၅ ရက်နေ့က ဖလူး (မင်းလက်ပံ) ဒေသမှာ ဖြစ်ပွားခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ထုတ်ပြန်ချက်၊ တောင်းဆိုချက်တစ်ခု လုပ်ကြံထုတ်ပြန်လာတာကို တွေ့ရပါတယ်။ ထုတ်ပြန်ချက်မှာ DKBA အမည်နဲ့ စွပ်စွဲထားတာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒီနေရာမှာ KKO/DKBA ဆိုတဲ့ အသုံးအနှုန်းကိုပဲ သုံးစွဲသွားပါမယ်။ ၂၀၁၂ ခုနှစ် ဧပြီလမှာ DKBA ဟာ ကလိုထူးဘောကရင်အစည်းအရုံး(KKO)ကိုဖွဲ့စည်းခဲ့ပါတယ်။ အဲဒီတုန်းက ဥက္ကဋ္ဌက မန်းရေဘတ်ဇန်ဖြစ်ပါတယ်။ ဒုဥက္ကဋ္ဌက စောမိုရှေးဖြစ်ပါတယ်။ သူတို့စတင်ဖွဲ့စည်းစဉ်က ထုတ်ပြန်ချက်ထဲမှာ KKO အဖွဲ့သည် ကရင်အမျိုးသားအစည်းအရုံး(KNU)အားမိခင်အဖွဲ့အစည်းအဖြစ်ခံယူတယ်လို့ ပါဝင်ပါတယ်။ အကြမ်းဖက် KNU အဖွဲ့ရဲ့ ထုတ်ပြန်ချက်ကိုလေ့လာကြည့်ရင် သူတို့ဟာ ဖလူး(မင်းလက်ပံ)ဒေသနဲ့ ပါဝင်ပတ်သက်နေသူတွေကို အတွင်းကျကျသိနေတာကိုတွေ့နိုင်ပါတယ်။ အဲဒီကိစ္စမှာ KNU ကိုယ်တိုင် ထဲထဲဝင်ဝင်ပတ်သက်နေတာဖြစ်ပါတယ်။ အကြမ်းဖက် KNU ရဲ့ ထုတ်ပြန်ချက်နဲ့ လက်တွေ့မြေပြင်မှာဖြစ်ပျက်နေတာကလည်း ကွာခြားနေတာတွေ့ရပါတယ်။ ဂြိုဟ်တုဓာတ်ပုံမှတ်တမ်းများအရ ယခု အခင်းဖြစ်ပွားခဲ့ရာနေရာ ဖလူး(မင်းလက်ပံ)ဒေသဟာ KNU တို့ရဲ့ KK Park ရဲ့တောင်ဘက် အနီးအနားမှာပဲရှိတဲ့နေရာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်မတိုင်မီက ဘာမှမရှိခဲ့ပါဘူး။ ၂၀၂၄ ခုနှစ်မှာ အဆောက်အအုံတွေ စတင်ဆောက်လုပ်လာပါတယ်။ ဒီအချိန်မှာ ကျွန်တော်ပြောခဲ့သလို အဲ့ဒီဒေသမှာ KNU နဲ့ အပေါင်းအပါ အကြမ်းဖက်အဖွဲ့တွေရဲ့ ကရင်ပြည်နယ် နယ်စပ်ဒေသတွေမှာ သောင်းကျန်းတိုက်ပွဲဖော်ဆောင်တဲ့အချိန်ဖြစ်လို့ အစိုးရရဲ့ လုံခြုံရေးအဖွဲ့အစည်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ မရှိချိန်ဖြစ်ပါတယ်။ KNU ရဲ့ ထုတ်ပြန်ချက် စာမျက်နှာ(၁) အပိုဒ် ၂ မှာ "KNU တပ်ဖွဲ့များက ၎င်း DKBA တပ်ဖွဲ့များတပ်စွဲထား၍ တိုက်ခိုက်သည့်နေရာအား ရှင်းလင်းရာ DKBA တပ်ဖွဲ့ဝင် အနည်းဆုံး ၂၃၀ ဦး လက်နက်ချပြီး ၎င်းအခြေချစခန်းအား KNU မှ ထိန်းသိမ်းနိုင်ခဲ့သည်" ဟု ရေးသားထားပါတယ်။ တကယ့်ဖြစ်စဉ်မှာတော့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့ မွန်းလွဲ ၂ နာရီလောက်မှာ မင်းလက်ပံရွာကို KNU နဲ့ PDF အကြမ်းဖက်အဖွဲ့အချို့ ကား ၃ စီးနဲ့ ရောက်လာပါတယ်။ ခင်ဗျားတို့ ကျွန်တော်တို့ စဉ်းစားကြည့်နော်။ မင်းလက်ပံရွာမှာရှိတဲ့ DKBA၊ KKO ပေ့ါဗျာ သူတို့အချင်းချင်းဟာ တကယ့်ရန်ဘက်တွေ၊ ရန်သူတွေဆိုရင် ဒီလိုကားနဲ့ ပေါ်ပေါ်တင်တင်လာမလား။ ပြီးတော့ အဲဒီနေရာက KKO လုံခြုံရေးယူထားတဲ့ဂိတ်ကိုရောက်လာပြီး KKO အဖွဲ့က ဗိုလ်မှူးအဆင့်ရှိ စောဖားထီးကို ခေါ်ပြီး KKO အဖွဲ့ကို လက်နက်တွေ သူတို့ဆီအပ်ဖို့ ပြောခဲ့တယ်လို့သိရပါတယ်၊ စောဖားထီးက သူတို့ကို ဒီနေရာမှာ တာဝန်ခံက သူမဟုတ်ကြောင်း၊ စောကျော်ကိုမင်း(ခေါ်) သခွားသီးဖြစ်ကြောင်းနဲ့ သူတို့ကိုမဖမ်းဖို့ပြောခဲ့ပါတယ်။ KNU/PDF အဖွဲ့အနေနဲ့ သူတို့ကို KNU ဗဟိုက ဖမ်းခိုင်းတာဖြစ်ကြောင်းနဲ့ KKO ဆီက လက်နက် ၁၇၀ လက်နဲ့ အဖွဲ့ဝင်အချို့ကို ဖမ်းဆီးသွားခဲ့ပါတယ်။ အဲဒီကိစ္စတွေဖြစ်နေချိန်မှာပဲ KNU/PDF အကြမ်းဖက်အဖွဲ့က KKO ခေါင်းဆောင်တွေဆီ ဆက်သွယ်ပြီး စောကျော်ကိုမင်း(ခေါ်) သခွားသီးကို မင်းလက်ပံမှာမတွေ့တဲ့အတွက် ဖမ်းဆီးအပ်နှံပေးဖို့တောင်းဆိုခဲ့တယ်ဆိုတာ သိရပါတယ်။ KNU/PDF အဖွဲ့က ဖမ်းသွားတဲ့ KKO တွေ ပြန်လွတ်မြောက်ရေးအတွက် KKO ခေါင်းဆောင်တွေ KNU နဲ့ ဆက်သွယ်ညှိနှိုင်းနေတယ်ဆိုတာလည်း သိရပါတယ်။ မရှေးမနှောင်းမှာပဲ နိုဝင်ဘာလ ၂၄ ရက်နေ့မှာ DKBA/KKO အနေနဲ့ KNU ကတောင်းထားတဲ့ စောကျော်ကိုမင်း (ခေါ်)သခွားသီးကို ဖမ်းဝရမ်းထုတ်ခဲ့ပါတယ်။ အဲဒီနေ့မှာပဲ သူတို့နယ်မြေအတွင်း နိုင်ငံခြားသားများသယ်ဆောင်ခြင်းကို စစ်ဆေးတွေ့ရှိရင်ဖမ်းဆီးအရေးယူမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ ဒါတွေကိုကြည့်ရင် မင်းလက်ပံကိစ္စဟာ KNU သိတယ်။ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေတယ်ဆိုတာ ထင်ရှားပါတယ်။

KNU အကြမ်းဖက်အဖွဲ့တွေရဲ့ ထုတ်ပြန်ချက် စာမျက်နှာ (၂) အပိုဒ် ၂ မှာ "စစ်တပ်နှင့် ၎င်းတို့ကို ကူညီတိုက်ခိုက်ပေးနေသော တပ်ဖွဲ့များမှ ဆက်လက်ထိုးစစ်ဆင်နေပြီး တိုက်ပွဲများဖြစ်နေလို့ KNU အနေနဲ့ ၎င်းပတ်ဝန်းကျင်လုံခြုံရေးအတွက် ဆက်လက်တာဝန်ယူထားတယ်" လို့ ပါဝင်ပါတယ်။ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ KK Park နဲ့ ရွှေကုက္ကိုလ်မှာ ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေရပါတယ်။ အဲဒီနေရာတွေကို KNU အကြမ်းဖက်တွေကလာပစ်လို့ တိုက်ပွဲငယ်များဖြစ်နေပါတယ်။ KNU အနေနဲ့ ဒီလိုလိမ်လည်ထုတ်ပြန်တာ အကြောင်းနှစ်ချက်ရှိပါတယ်။ နံပါတ်(တစ်)က မင်းလက်ပံမှာ သူတို့ထိန်းသိမ်းထားတဲ့သူတွေထဲက သူတို့အကြောင်း ထဲထဲဝင်ဝင်သိတဲ့လူတွေကို နှုတ်ပိတ်ချင်တာပါမယ်။ နှုတ်ပိတ်တာ လက်လွန်သွားရင် တိုက်ပွဲဖြစ်လို့သေတာပါလို့ အကြောင်းပြချင်တာဖြစ်မယ်။ နံပါတ်(နှစ်)က သူတို့နဲ့ ပတ်သက်တဲ့သဲလွန်စတွေကို ဖျောက်ဖျက်ပြီး အခြားအဖွဲ့တွေအပေါ် အပြစ်ပုံချဖို့ဖြစ်ပါမယ်။ ဒါကို ထင်ရှားစေတာကတော့ စာမျက်နှာ ၃ မှာပါတဲ့ နိုဝင်ဘာလ ၂၅ ရက်နေ့မှာ "မနက်စောစောတွင် Scam အလုပ်သမား ရာပေါင်းများစွာသည် အသေခံဒရုန်းတိုက်ခိုက်မှုများရှိမည်ကြား၍ ထိတ်လန့်တုန်လှုပ်စွာ ခြံဝင်းအတွင်းမှ ထွက်ပြေးရန်ကြိုးစားခဲ့ကြသည်။ အဆောက်အအုံများအတွင်း အလုပ်သမားအချင်းချင်း ရန်ပွဲများဖြစ်နေသည့် ဆူညံသံများ၊ အရိပ်အယောင်များတွေ့ရသည်" လို့ ရေးထားပါတယ်။ တကယ့်မြေပြင်မှာ ဖြစ်ပွားခဲ့တာကတော့ နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက် ၅ နာရီခွဲခန့်မှာ မင်းလက်ပံမှာ တရားမဝင်ရောက်ရှိပြီး KNU ရဲ့ ဖမ်းဆီးပိတ်လှောင်ခံထားရတဲ့ ပြည်ပနိုင်ငံသားများက သူတို့ကို ပိတ်လှောင်မထားဖို့ အဝတ်အစားတွေကို မီးရှို့ဆန္ဒပြတောင်းဆိုခဲ့တယ်လို့သိရပါတယ်။ ဒါကို KNU/PDF အဖွဲ့က ပစ်ခတ်တယ်လို့သိရပါတယ်။ ပြည်ပနိုင်ငံသားအချို့ ထိခိုက်ဒဏ်ရာရကြောင်းနဲ့ သေဆုံးနိုင်ဖွယ်ရှိကြောင်း သိရပါတယ်။ ကျွန်တော်တို့ရရှိထားတဲ့ မှတ်တမ်းဓာတ်ပုံများပဲ ဖြစ်ပါတယ်။ ဒါတွေဖြစ်ပြီးနောက်ပိုင်းမှာ နိုဝင်ဘာလ ၂၅ ရက်နေ့ ည ၇ နာရီခွဲမှာ တရုတ်နိုင်ငံသား ၆၃၅ ဦး၊ လာအိုနိုင်ငံသား ၂၃ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၆ ဦး စုစုပေါင်း ၆၇၄ ဦးဟာ သောင်ရင်းမြစ်တစ်ဖက်ကမ်း ထိုင်းနိုင်ငံ မဲဆောက်မြို့ မဲ့ကိုကင်းကျေးရွာဘက်ကို ရောက်ရှိလာတယ်လို့ သိရပါတယ်။ အဲဒီနေ့ညပိုင်းမှာပဲ မင်းလက်ပံထဲက ကျားဖြန့်လုပ်ငန်း ဦးစီးလုပ်ကိုင်နေသူလို့ ယူဆရတဲ့ ပြည်ပနိုင်ငံသား ၂၀ လောက်ကို သူတို့ရဲ့ Double Cab မော်တော်ယာဉ်များ၊ ဆီပီပါ ၁၀၀ လုံးခန့်နဲ့ ငွေထည့်ထားတဲ့ မီးခံသေတ္တာကား ၄ စီးတိုက်စာကို KNU/ PDF အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သယ်ထုတ်သွားကြောင်းသိရပါတယ်။ ကျန်သတင်းတွေ ရှိနေနိုင်ပါသေးတယ်။ ဒီလောက်ဆိုရင် အကြမ်းဖက် KNU ဘာလဲဆိုတာ အားလုံးကသိနိုင်ပြီလို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေကို စတင်ခြေရာခံမိတဲ့အချိန်ကစလို့ အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေနဲ့ပူးပေါင်းပြီး ရှာဖွေဖော်ထုတ်ဖမ်းဆီးမှုတွေကို တက်တက်ကြွကြွဆောင်ရွက်နေသလို ဒေသတွင်းနိုင်ငံတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်နေတာလည်းဖြစ်ပါတယ်။ နိုင်ငံအဝှမ်းနေရာအနှံ့အပြားမှာ စစ်ဆင်ရေးတစ်ရပ်သဖွယ် နှိမ်နင်းလျက်ရှိပါတယ်။ ရရှိထားတဲ့သတင်းအရ ဒီလ ၂၄/ ၂၅ / ၂၆ ရက်တို့မှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီးကို ရှင်းလင်းခဲ့ရာမှာ မိုင်းနောင်မြို့ အရှေ့တောင်ဘက် နောင်တောက်ရွာ၊ ကောင်းဟိုင်းရွာ၊ ဝမ်ကျောင်းရွာအနီးမှာ Online လိမ်လည်လောင်းကစားမှု ကျူးလွန်တဲ့ ပြည်ပနိုင်ငံသား ၂၈ ဦး၊ မြန်မာနိုင်ငံသား ၈ ဦးတို့ကို အဆောက် အအုံများ၊ မော်တော်ယာဉ်များ၊ ဆက်စပ် ပစ္စည်းများ၊ လက်နက်ငယ် ၅ လက်တို့နဲ့ အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ဒီ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေနဲ့ ဒုစရိုက်လုပ်ငန်းတွေကို ဘယ်သောအခါမှ ခွင့်ပြုခဲ့ခြင်းမရှိသလို မြန်မာနိုင်ငံရဲ့ပိုင်နက် နယ်မြေကိုအသုံးချပြီး မိတ်ဆွေနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာအပေါ် ရာဇဝတ်မှု ကျူးလွန်နေတာကိုလည်း လုံးဝ(လုံးဝ) လက်ခံမှာ မဟုတ်ဘူးဆိုတာ အလေးအနက်ထားပြောကြားထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေတဲ့ ဒီ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေ မြန်မာ့ရေမြေကနေ အမြန်ဆုံးအမြစ်ပြတ်စေရေး တိုက်ဖျက် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးပြောကြားအပ်ပါတယ်။

**မြဝတီ**

# မန္တလေးငလျင်ဒဏ်ကြောင့် အင်းလေးဒေသအတွင်း ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များပြန်လည်ပြုပြင်နိုင်ရန် ပစ္စည်းတန်ဖိုးငွေများပေးအပ်

**ညောင်ရွှေ နိုဝင်ဘာ ၂၇**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းလေးဒေသအတွင်းရှိ နေအိမ်များ ပြန်လည်ပြုပြင်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပစ္စည်းတန်ဖိုးငွေများ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၆ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် ဟဲယာရွာမကျေးရွာ အောင်မင်္ဂလာဘုရားဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့် ကလောခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ပစ္စည်းတန်ဖိုးငွေများ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပြောကြားကြပြီး ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ပစ္စည်းတန်ဖိုးငွေများပေးအပ်ရာ မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသခံနေအိမ်ပိုင်ရှင်များက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့်တာဝန်ရှိသူများက ပေးအပ်ငွေများ တစ်ဦးချင်းစီ ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က ရွှေညောင်-ညောင်ရွှေလမ်း ၃ ဒသမ ၈ နှင့် ၅ ဒသမ ၅ ကီလိုမီတာကြား ရေကျော်မှုဖြစ်ပွားလေ့ရှိသည့်နေရာများအား လမ်းတာပေါင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၅)

# ချောင်းဦးမြို့နယ်၌ ဆောင်းနှမ်းဧက ၈၀၀၀ ကျော်စိုက်ပျိုးပြီးစီး

**ချောင်းဦး နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ဆောင်းနှမ်းဧက ၁၅၄၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ နိုဝင်ဘာလ ၂၇ ရက်အထိ ၈၆၃၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။



ချောင်းဦးမြို့နယ်၌ နှမ်းစိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိသည်။

ထို့ပြင် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

# မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များငှားရမ်းပေး



**မိတ္ထီလာ နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများသို့ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ အပတ်စဉ်ငှားရမ်းပေးခြင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

စာအုပ်စာစောင်များငှားရမ်းပေးရာတွင် မြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)၊ အခြေခံပညာအထက်တန်းကျောင်း(ချည်စက်)၊ အခြေခံပညာအထက်တန်းကျောင်း(တောမ)၊ အခြေခံပညာအထက်တန်းကျောင်း(ညောင်ကိုင်း)၊ အခြေခံပညာအလယ်တန်းကျောင်း(လေ့ကျင့်ရေး) မုန်ပင်ဆည်ကျေးရွာဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့အပြင် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းနှင့်သူနာပြုသင်တန်းများကိုလည်း ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များကို အပတ်စဉ်အင်္ဂါနေ့မှသောကြာနေ့အထိ တစ်ပတ်လျှင် ၄ ရက် ငှားရမ်းပေးလျက်ရှိသည်။

ထို့ပြင် အဆိုပါကျောင်းများနှင့် သင်တန်းကျောင်းများအပြင် ကန်တောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် ရန်မျိုးအောင်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းများသို့လည်း ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းကို နိုဝင်ဘာလ ၂၆ ရက်မှစတင်ပြီး တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(၆၀၂)

# ရွှေခရီးဖွင့် ရွှေဧည့်သည်

❖ မြန်မာနှင့် ဘယ်လာရုစ်
တွယ်တာမှု သံယောဇဉ်။
နှစ်နိုင်ငံ ရွှေလမ်းဖောက်
လျှောက်လှမ်းတူယှဉ်။
တစ်မြေခြားသော်လည်း
ဆွေသားသို့ ခင်မင်
ဖြူစင်တဲ့ စိတ်ရင်း။
အနှစ်တည် ချစ်ကြည်ရေး
မွေးပျိုးကြိုင်သင်း။

❖ ဘယ်လာရုစ် နိုင်ငံက
သမ္မတကြီး ရောက်ရှိလာ။
ပျော်ရွှင်စွာ ကြိုဆိုကြ
အားရဝမ်းသာ။
သမ္မတကြီးက လမင်းပမာ
မင်္ဂလာ ကျက်သရေရှိ။
လေညင်းဖြာ ပန်းလိုမွှေးတယ်
အေးမြပါ၏။

❖ ဘယ်လာရုစ် သမ္မတကြီး
ရွှေခရီးဖွင့် ရွှေဧည့်သယ်(သည်)။
နှစ်နိုင်ငံ ကောင်းကျိုးများကို
တိုးပွားဖို့ရွယ်။
အိမ်သာလို့ ဧည့်လာတယ်
ဂုဏ်ယူဖွယ် အလွန်ကောင်း။
ဧည့်ဝတ်ကျေ မြန်မာများက
လေးစားပါကြောင်း။

❖ ရွှေဧည့်သည် သမ္မတကြီးက
ရင်းနှီးလို့ မြုပ်နှံ။
ကဏ္ဍစုံ ရေရှည်အကျိုးကို
သယ်ပိုးဆောင်ရန်။
စိတ်အားက ထက်သန်
နှစ်နိုင်ငံ ပူးပေါင်း။
ကြံတိုင်းအောင် ဆောင်လို့နွှဲမယ်
အောင်ပွဲဆင့်လောင်း။ ။

**မောင်ကျော်(ပညာရေး)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန်ကော့ဗ်တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန်ကော့ဗ်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်သွားရေးအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု



မြှင့်တင်သွားရေးနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး လက်ရှိအချိန်တွင် နှစ်နိုင်ငံအကြား ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာသည်နှင့်အမျှ ရလဒ်ကောင်းများ ထွက်ပေါ်နေသည့် အခြေအနေများကို အမြင်ချင်းဖလှယ်၍ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားနိုင်ရေးအတွက် ပိုမိုနီးကပ်စွာလက်တွဲဖော်ဆောင်သွားရေးတို့ကိုဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်မြို့၌ သိပ္ပံပွဲတော် ၂၀၂၅ တတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၅ (Science Festival 2025) တတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့၌ ကျင်းပသည်။

သိပ္ပံပွဲတော်သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အဏုမြူစွမ်းအင်ဦးစီးဌာနနှင့် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ROSATOM နှင့် ရုရှားနိုင်ငံ National Research Nuclear University MEPhI (Moscow Engineering Physics Institute)တို့မှ တာဝန်ရှိသူများနှင့်



ပါမောက္ခများ၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိတက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံကျောင်းများမှ ပါမောက္ခများ၊ သုတေသီများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အဆိုပါစင်တာ၌ DIY Science Section အဖြစ် ကိုယ်တိုင်ဖန်တီးနိုင်သော သိပ္ပံနှင့်နည်းပညာရပ်များကို လက်တွေ့ပြုလုပ်ခြင်းပြိုင်ပွဲ၌ အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၁၀၀ သည် စက္ကူနှင့်တိပ်များကို အသုံးပြုပြီး အမြင့်ဆုံး Tower တည်ဆောက်ခြင်းကို အဖွဲ့လိုက် စိတ်ဝင်တစား ပျော်ရွှင်စွာ ယှဉ်ပြိုင်ကြသည်။

ထို့နောက် Big-Journey : North Pole ဟောပြောပွဲအစီအစဉ်၌ မြောက်ဝင်ရိုးစွန်းသို့ နျူကလီးယားရေခဲခွဲသင်္ဘောဖြင့် သွားရောက်ခဲ့သည့် မြန်မာကျောင်းသူတစ်ဦး၏ အတွေ့အကြုံများနှင့် MEPhI မှ ပါမောက္ခတစ်ဦးက နျူကလီးယားရေခဲခွဲသင်္ဘောကို ရွေ့လျားမောင်းနှင်စေသည့် အကြောင်းအရာများအား ရှင်းလင်းမျှဝေကြသည်။

မွန်းလွဲပိုင်းတွင် Pathways to Russia: Career Insights: ရုရှားနိုင်ငံသို့လမ်းကြောင်းများ - အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိအမြင်များဆွေးနွေးခြင်းအစီအစဉ်တွင် ရုရှားတက္ကသိုလ်များ၌ တက်ရောက်ပညာသင်ကြားနေသော မြန်မာကျောင်းသား၊ ကျောင်းသူများက အတွေ့အကြုံများကို အွန်လိုင်းမှ မျှဝေဆွေးနွေးပေးကြသည်။

ညနေပိုင်းတွင် "The Science Movies Alimanac" ရုပ်ရှင်ပြသခြင်းအစီအစဉ်တွင် စွန့်ပစ်စပါးခွံများမှ စီလီကာနှင့် ကာဗွန်ထုတ်ယူကာ အစိမ်းရောင်စွမ်းအင်ဖြစ်သော ဘက်ထရီထုတ်လုပ်မှု၊ အီဂျစ်နိုင်ငံရှိ ငါးလုပ်ငန်းဖွံ့ဖြိုးလျက်ရှိသောဒေသတွင် နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်မှု၊ ရုရှားရေနံကုမ္ပဏီတစ်ခုက မီသိန်းဓာတ်ငွေ့မှ ဟိုက်ဒရိုဂျင်ထုတ်လုပ်သည့် သုတေသနအောင်မြင်မှုတို့ကို ပြသပြီး ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ပညာရှင်တစ်ဦးစီတို့က ထပ်ဆင့်ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာသူများ၏ မေးခွန်းများကို ဖြေကြားကြကာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

အလားတူ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် နံနက်ပိုင်းကစ၍ "Hackatom" ပြိုင်ပွဲကိုကျင်းပရာ တက္ကသိုလ်များမှကျောင်းသား၊ ကျောင်းသူ ၁၄၀ ခန့်တက်ရောက်၍ ရုရှား-မြန်မာနှစ်နိုင်ငံမှကြီးကြပ်သူများက ပြိုင်ပွဲစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး မေးခွန်းမေးမြန်းခြင်း၊ အဖွဲ့လိုက်ဆွေးနွေးခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် အချက်အလက်များပြုစု၍ IT Software Application များ၊ Power Points များကို ၂၄ နာရီအတွင်း ရှင်းလင်းတင်ပြနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မြဝတီ









## ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် နှိုးဆော်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနက် ပုံစံ (၁၅) ဖြင့် တောင်းဆိုထားသည့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးသည့် နေ့ရက်နှင့်နေရာတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

# ရန်ကုန်မြို့တွင်ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ နှစ်နိုင်ငံဘက်မှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့်လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေး






**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနှင့် ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံ ကုန်သည်စက်မှုအသင်းများဖြစ်ကြသော UMFCCI နှင့် BelCCI တို့ပူးပေါင်း၍ မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ LOTTE ဟိုတယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းတို့နှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E Mr. Maxim RYZHENKOV ဦးဆောင်သည့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ၊ နိုင်ငံပိုင် အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဝန်ကြီး၊ စက်မှုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီးတို့ တက်ရောက်အားပေးခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် စုစုပေါင်းလူဦးရေ ၁၃၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ နှစ်နိုင်ငံအကြီးအကဲများ၏ မဟာဗျူဟာမြောက်လမ်းညွှန်ချက်နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာ-ဘယ်လာရုစ်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင်များ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် EAEU ဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အခြေအနေများကို အဓိကထားဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဘယ်လာရုစ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E Mr. Maxim RYZHENKOV၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ H.E. Ms. Nadezhda LAZAREVICH တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက သဘောတူလက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းစာချုပ် ၁၆ စောင်အား အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ယင်းနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းနှင့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက ကဏ္ဍအလိုက် Powerpoint Presentation ဖြင့် ဆွေးနွေးခြင်းအစီအစဉ်များကို ဆောင်ရွက်ခဲ့ကြပြီး စီးပွားရေး ချိတ်ဆက်ဆွေးနွေးခြင်းများကိုဆောင်ရွက်ကြသည်။ ယနေ့ဆွေးနွေးပွဲတွင် ဘဏ်နှင့် ငွေကြေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးအခြေခံ စက်မှုကုန်ထုတ်လုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများကို အဓိကဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့သည် နံနက်ပိုင်းဖိုရမ် မစတင်မီအချိန်တွင် ဘယ်လာရုစ်နိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်လည်း သီးခြားစီတွေ့ဆုံ၍ မိမိတို့ကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်သွားနိုင်မည့်အသေးစိတ်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

မြန်မာ-ဘယ်လာရုစ် ပူးတွဲကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘက်မှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E Mr. Maxim RYZHENKOV တို့ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့သည် သီးခြားတွေ့ဆုံကာ နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တတိယအကြိမ် ပူးတွဲကော်မတီညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးကိစ္စများအတွက် ဦးတည်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)နှင့် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဆိုင်ရာကိစ္စရပ်များအပေါ် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့်အစားအစာဝန်ကြီး H.E.Mr. Yury GORLOV နှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးထုတ်ကုန်များနှင့်စားသောက်ကုန်များ အပြန်အလှန်ကုန်သွယ်မှုတိုးတက်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံကထွက်ရှိသည့် ဆန်၊ ရော်ဘာ၊ အခွံမာသီး၊ သစ်သီးဝလံနှင့်ကော်ဖီတို့ကိုတင်ပို့နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံမှ ဒိန်ခဲနှင့်ထောပတ်တင်သွင်းနိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ တင်ပို့/တင်သွင်းဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီး H.E Mr. Andrei KUZNETSOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အလို့ငှာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာရည်ရွယ်သည့်စာလွှာ (Memorandum of Intent-MoI) ကို လက်မှတ်ရေးထိုးပြီးဖြစ်ခြင်းကြောင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အဆိုပါ MoI နှင့် Roadmap တို့အပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏အလားအလာရှိသည့် စက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသည့် ကင်ဆာရောဂါကုသဆေးဝါးများ ထုတ်လုပ်နိုင်ရေးနှင့် ကင်ဆာရောဂါကုသဆေးဝါးထုတ်လုပ်မှု နည်းပညာဆိုင်ရာကူညီပံ့ပိုးမှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်ကြားလေ့ကျင့်မှုများကိစ္စရပ်များကိုလည်းကောင်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊ MSME ဖွံ့ဖြိုးရေးနှင့် နှစ်နိုင်ငံ MSME ထွက်ကုန်များ ဈေးကွက်ရရှိရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## ထူးခြားသည့် ညအပူချိန်များ

၂၇-၁၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်ကြီး | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်ကော် | ၈ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ကျိုင်းတုံ | ၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belarusian State University (BSU)၊ Belarusian State University of Informatics and Radioelectronics (BSUIR) တို့ အစည်းအဝေးပြုလုပ်



ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belarusian State University (BSU)၊ Belarusian State University of Informatics and Radioelectronics (BSUIR) တို့အကြား ပညာရေးဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံတက္ကသိုလ်များအကြား တွေ့ဆုံဆွေးနွေးမှုကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ Belarusian State University (BSU) မှ ပါမောက္ခချုပ် Andrei Karol၊ Belarusian State University of Informatics and Radioelectronics (BSUIR) မှ ပါမောက္ခချုပ် Vadim Bogush တို့နှင့်အတူ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်းက ကြိုဆိုမိတ်ဆက်စကားပြောကြားပြီး BSU ပါမောက္ခချုပ် Prof. Andrei Karol၊ BSUIR ပါမောက္ခချုပ် Vadim Bogush၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာနေဝင်းဦးနှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်တို့က မိတ်ဆက်စကားများပြောကြားကာ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှ တာဝန်ရှိသူများက တက္ကသိုလ်များနှင့်ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ်နှင့် Belarusian State University of Informatics and Radioelectronics (BSUIR) တို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု Letter of Agreement (LoA) ကို လက်မှတ်ရေးထိုးကြသည်။ ထို့နောက် နှစ်နိုင်ငံတက္ကသိုလ်များအချင်းချင်း အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ မြောင်းမြမြို့နယ်၊ စကားမြားကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး

နေပြည်တော် နိုဝင်ဘာ ၂၇

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် နေ့လယ်ပိုင်းတွင် မြောင်းမြမြို့နယ်၊ စကားမြားကျေးရွာသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။





တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မြောင်းမြမြို့နယ်၊ စကားမြားကျေးရွာရှိ မဟာရုံကျောင်းတိုက်၌ အခြေပြု၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၁ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၀ ဦး၊ ကလေးရောဂါ ၂၇ ဦး၊ အရိုးရောဂါ ၃၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၉ ဦး၊ မျက်စိရောဂါ ၃၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၁ ဦး စုစုပေါင်းဒေသခံပြည်သူ ၄၁၂ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၃ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၀ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်–





"အထက်ကွမ်းခြံကျေးရွာကနေ လာရောက်ပြီးတော့ ဆေးကုသမှုခံယူတာပါ။ ကျွန်တော်ကတော့ အထွေထွေပေါ့နော်။ အသက်က ၆၀ ကျော်ဆိုတော့ မောတာတို့၊ ဘာတို့ အဲလိုမျိုးပေါ့။ အိမ်တိုင်ရာရောက်နီးနီးပေါ့နော်။ လာပြီးတော့ကုသပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ သောက်ဆေးတွေပေးတယ်။ နောက်ပြီးလိုအပ်တဲ့ဆေးတွေကို ဘယ်နှလစွဲသောက်ရမယ်။ အတိအကျလုပ်ပေးပါတယ်။ နယ်လှည့်ဆေးကုသရေးအဖွဲ့မှာ ပါရဂူတွေကအစ အကုန်လုံးအပြည့်အစုံပါပါတယ်။ ပြီးခဲ့တဲ့တစ်နှစ်ကျော်ကလည်း ကျွန်တော် တစ်ခါပြဖူးတယ်။ အရိုးအကြောပါရဂူကြီးက ကုသပေးလိုက်တာ ချက်ချင်းပျောက်သွားတယ်။ ကျွန်တော်အားကိုးတယ်။ အားထားတယ်။ ဒါကြောင့်မို့လို့ ဒီနှစ်လည်း ဆက်လာတာ။ အခုလိုလာရောက်ပြီးတော့ ကုသပေးတဲ့အားလုံး အဖွဲ့သားအားလုံး၊ အရာရှိ၊ အရာခံအားလုံးကိုလည်း အထူးပဲကျွန်တော့်အနေနဲ့ ပြည်သူများရဲ့ကိုယ်စား ကျေးဇူးတင်ရှိပါတယ်"ဟုပြောသည်။

"အ.ထ.က စကားမြားကပါ။ ကျွန်မကတော့ မျက်စိရောဂါကို လာပြီးတော့ပြတာဖြစ်ပါတယ်။ မျက်စိထဲမှာ အစက်အပြောက်ကလေး တွေ့လို့ပေါ့နော်။ ဆေးတွေပေးလိုက်တယ်။ မျက်မှန်တွေပေးလိုက်ပါတယ်။ နီးနီးနားနားနဲ့ ကျေးရွာဘေးနားမှာရှိတဲ့ ရွာသူရွာသားအားလုံးအတွက်လည်းကောင်းပါတယ်။ ကျန်းမာရေးကုသမှုတွေခံရတဲ့အတွက် ပိုပြီးတော့ကောင်းမွန်ပါတယ်။ တကူးတက သွားရမယ့်နေရာကို မသွားရဘဲနဲ့ အိမ်တိုင်ရာရောက်ပဲ တချို့ကျတော့မသွားနိုင်ဘူးလေ။ အဲလိုမျိုးရောဂါတွေ တအားပြင်းထန်တဲ့သူတွေကျမသွားနိုင်ဘူး။ အရိုးအကြောဘာညာပေါ့။ အဲလိုမျိုးတွေကျတော့ မသွားနိုင်တဲ့အတွက် သူတို့ကလာပြီးတော့ ကုသတဲ့အတွက် ပိုပြီးတော့ ကောင်းမွန်ပါတယ်ပေါ့နော်။ ကျွန်မတို့ရွာကို အခုလို အထူးတလည် လာရောက်ပြီးတော့ ကုသပေးတဲ့အတွက် အားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်ရှင်" ဟု ပြောသည်။ (၁၀၀)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Fara Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ 99 Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC AION V အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Qingdao CRRC Sifang Rolling Stock Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X၊ Dongfeng Voyah Courage နှင့် Dongfeng Venucia VX6 450 Air အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းသိရသည်။ **မြဝတီ**



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Delegation led by Belarus President H.E. Mr. Alexander Gregoryevich Lukashenko arrives in Myanmar on state visit




Belarus President Alexander Lukashenko is warmly welcomed by Prime Minister U Nyo Saw at the Tatmadaw Airport in Nay Pyi Taw on his arrival to Myanmar.

NAY PYI TAW November 27

Upon the invitation of Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, the high-level delegation led by H.E. Mr. Alexander Gregoryevich Lukashenko, President of the Republic of Belarus, arrived in the Republic of the Union of Myanmar on a state visit. The special flight carrying the high-level delegation entered Myanmar's airspace this evening. It was greeted and escorted by three fourth-generation Su-30 SME multi-role fighter jets from the Myanmar Tatmadaw (Air) and subsequently landed at the Nay Pyi Taw Tatmadaw Airport.

Upon arrival at the airport, the high-level delegation led by the President of Belarus was warmly welcomed and greeted by Member of the SSPC Prime Minister U Nyo Saw, Union Minister for Transport and Communications U Mya Tun Oo, Chairman of the Nay Pyi Taw Council, Deputy Minister for Foreign Affairs, Ambassador of the Republic of the Union of Myanmar to the Republic of Belarus, Ambassador of the Republic of Belarus to the Republic of the Union of Myanmar and other officials.

Furthermore, the high-level delegation led by the President of Belarus was accorded a ceremonial welcome. In accordance with tradition for receiving State leaders, the Guard of Honour presented arms and lined the red carpet for the distinguished guests. Cultural troupes and dance groups performed traditional cultural dances as a welcome. Students waved the flags of both countries and chanted, "Long live the President of Belarus! Long live the lasting friendship between the two nations!" The welcome was also marked by a jubilant atmosphere with the display of commemorative flags of both nations along the route, decorative coloured lights, and large LED posters bearing the message: "Myanmar Warmly Welcomes H.E. Mr. Alexander Lukashenko, President of the Republic of Belarus."

Diplomatic relations between Myanmar and Belarus have now lasted for 26 years. Senior General Min Aung Hlaing had previously visited the Republic of Belarus twice in 2025 on state-level friendship visits, following an invitation from the Belarusian President. Now, at the invitation of the Senior General, H.E. Mr. Alexander Gregoryevich Lukashenko is making a state visit to Myanmar. This visit marks the first historic visit by a President of Belarus since the establishment of diplomatic relations between the two countries. During the visit, the President of Belarus is scheduled to meet with the Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission. They will hold discussions on matters related to enhancing friendship and comprehensive cooperation between the two countries and will sign Memoranda of Understanding.

This state visit will serve to enhance the friendship and cooperation between the two nations, enable cultural exchanges, facilitate the exchange of agricultural and livestock production technologies, and further promote collaborative efforts across various sectors. **100**

# ChaungU Township plans to grow more than 1,000 acres of lablab bean this cold season

CHAUNGU November 27

According to the Township Agriculture Department, local authorities earmarked cultivation of more than 1,000 acres of lablab bean in ChaungU Township of Sagaing Region in coming cold season this year.

In the 2025-2026 winter cropping season, ChaungU Township has planned to cultivate lablab beans on 1,205 acres. Planting is scheduled to begin in October and continue through December, with preparations underway to ensure successful cultivation.

"This year, during the winter cropping season in ChaungU Township, we have planned to cultivate lablab beans on over 1,000 acres. We will provide support to ensure that the planned acreage is fully planted. Together with the farmers, we will supply high-quality seeds, fertilizers, and post-harvest technical guidance to achieve good yields and maintain crop quality," said U Tint Swe, Head of the ChaungU Township Agriculture Department.

It is reported that the township agriculture department is also providing farmers with knowledge and guidance on expanding lablab bean cultivation areas, improving yields, cultivating using GAP methods, planting high-quality seeds, and selecting varieties with good productivity.

Crops grown using GAP methods are of higher quality and fetch better prices compared to those produced with conventional methods. Thanks to their superior quality, these crops can be sold not only in domestic markets but also exported internationally, enabling farmers who adopt these methods to achieve greater economic benefits.

**SK**

# Individuals engaged in online fraud and gambling operations arrested in Kyethi Township near Mong Nawng Town, Shan State (South), along with operational equipment, weapons and ammunition



A documentary photograph showing the raid and torching of a site of online scams and gambling near Kaung Hine Village to the southeast of Mong Nawng Township by members of security forces on 25 November.



A documentary photograph showing the raid and torching of a site of online scams and gambling near Wan Kyaung Village to the southeast of Mong Nawng Township by members of security forces on 26 November.

NAY PYI TAW November 27

The State Government is actively undertaking the suppression of online fraud and gambling, viewing it as a national duty to prevent it from taking root in Myanmar by coordinating with internal forces and the governments of neighbouring countries; in this effort, on November 24, 25, and 26, near Mong Nawng Town, Kyethi Township, Shan State (South), a total of 26 foreign nationals and 8 Myanmar citizens engaged in online fraud and gambling operations were arrested, along with related equipment used for committing online fraud and gambling, as well as weapons and ammunition.

It is reported that on November 24, security forces conducting regional security operations in Kyethi Township, upon reaching the area northwest of Naung Tawk Village, southeast of Mong Nawng Town, Kyethi Township, encountered suspicious buildings and, upon entering and inspecting them, found them to be a location where online financial fraud and gambling were being conducted; however, no individuals were found working there. Items discovered and seized included: 5 temporary residential canvas tents (40 ft long, 20 ft wide), 6 temporary residential canvas tents (20 ft long, 10 ft wide), 7 temporary residential canvas tents (10 ft long, 10 ft wide), 3 water tanks (10 ft long, 10 ft wide), 5 pigsties, 8 guard posts, 2 kitchens, 150 plastic chairs, 1 large dressing table, 5 wooden stools, 2 monitors, and 1 STARLINK dish.

As the security forces continued their regional security operations, on November 25, near Kaung Hine Village, southeast of Mong Nawng Town, they discovered additional temporary buildings and related operational equipment used for online fraud and gambling, which were subsequently seized. The seized items included: 3 temporary residential canvas tents (70 ft long, 30 ft wide), 2 temporary residential canvas tents (40 ft long, 40 ft wide), 1 temporary residential canvas tent (25 ft long, 15 ft wide), 28 temporary residential canvas tents (20 ft long, 15 ft wide), 3 generators, 1 small refrigerator, 1 freezer, 5 air coolers, and 1 Land Cruiser vehicle.

Also, it is reported that as the security forces continued their regional security operations, on November 26, near Wan Kyaung Village, southeast of Mong Nawng Town, they discovered and seized numerous items, including: 1 zinc-roofed hut (unoccupied) (150 ft long, 15 ft wide, 15 ft high), 1 zinc-roofed workshop (120 ft long, 30 ft wide, 15 ft high), 1 zinc-roofed plywood-walled structure (150 ft long, 6 ft wide, 8 ft high), 1 zinc-roofed plywood-walled structure (15 ft long, 6 ft wide, 8 ft high), 1 zinc-roofed hut (unoccupied) (150 ft long, 15 ft wide, 15 ft high), 1 roofless hut (80 ft long, 15 ft wide, 15 ft high), 1 zinc-roofed plywood-walled hut (100 ft long, 25 ft wide, 15 ft high), 1 collapsed roofless hut (100 ft long, 25 ft wide, 15 ft high), 1 canvas-roofed hut (100 ft long, 25 ft wide, 15 ft high), 1 collapsed canvas-roofed hut (100 ft long, 25 ft wide, 15 ft high), 1 canvas-roofed plywood warehouse (20 ft long, 120 ft wide, 15 ft high), 1 zinc-roofed plywood-walled residential house (20 ft square), 2 roofless huts (150 ft long, 15 ft wide, 15 ft high), and 4 blue tanks (800-gallon capacity), all of which were being built for online fraud and gambling operations. Additionally, during a subsequent clearance operation in the area south of Naung Tawk Village, southeast of Mong Nawng Town, they arrested 26 Chinese nationals and 8 Myanmar citizens who were engaged in online fraud and gambling. Based on their confessions, the following items were seized from a nearby hiding place: 1 MA-1 rifle, 1 MA-13 rifle, 1 AK-12 rifle, 1 Carbine rifle, 1 WICHESTER 12 V shotgun, 10 rounds of 9mm ammunition, 2 rounds of 12 V ammunition, 1 9mm magazine, 1 AK magazine, and 1 Carbine magazine.

The report concluded that the seized items, temporary residential buildings, and accommodations were burned and destroyed. Efforts are underway to systematically investigate and identify the arrested individuals and those involved, to prosecute them in accordance with the law, and to transfer the foreign nationals back to their respective countries in line with humanitarian considerations and inter-state friendship, while the seized weapons and ammunition are being handled according to established procedures. **100**



A documentary photograph showing the raid and torching of a site of online scams and gambling near Naung Tawk Village to the southeast of Mong Nawng Township by members of security forces on 24 November.



A documentary photograph showing the raid and torching of a site of online scams and gambling near Naung Tawk Village to the southeast of Mong Nawng Township by members of security forces on 24 November.

►► From Page - 21

area. The operations continue.

Illegal foreigners found and arrested in the area were kept at a building in Lonhtin-wun, Shwe Kokko Myaing Village, Pulwepu village-tract, Myawady Township, and during the examination process, the illegal foreigner inspection found 195 foreigners. The combined departmental teams were documenting their personal information and records to transfer them back to their countries soonest.

From January 30, 2025, to the present day, a total of 12,882 foreign nationals who illegally entered Myanmar have been detained. Of that number, 10,029 individuals have already been systematically deported and handed over to their respective countries via Thailand in accordance with legal procedures, and the remaining 2,853 foreign nationals are ready to be transferred to their respective countries and are being well cared for.

The Government is committed to preventing online fraud and gambling from taking root in Myanmar as a national duty and will continue to coordinate and cooperate with the government of neighbouring countries, in addition to internal forces, to carry out these operations.

**100**



A documentary photograph showing a raid against a three-storey building suspected of accommodating illegal foreigners.

# Plan underway to grow more than 3,000 acres of maize and sweet corns in Htigyaing Township

HTIGYAING November 27

Statistics of Htigyaing Township Agriculture Department of Sagaing Region stated that local farmers will grow 3,270 acres of maize and sweet corns in coming cold season.

For the 2025–2026 winter crop season, it is planned to cultivate a total of 3,270 acres of maize in Htigyaing Township — 1,170 acres of maize and 2,100 acres of sweet corn. The cultivation period will run from October to December this year, according to reports.

"This winter crop season, more than 3,000 acres of maize and sweet corn are planned for cultivation in Htigyaing Township. To ensure the success of these crops, we will provide awareness campaigns and measures to prevent pest and disease outbreaks," said U Ko Ko Aung, Head of the Township Department of Agriculture.

This year, the Township Department of Agriculture will provide training courses, conduct field demonstrations, promote preventive measures against fall armyworm, encourage the use of integrated pest management systems including pesticides, and offer technical awareness programs for farmers cultivating seed maize and sweet corn in Htigyaing Township.

Local farmers need to spend Ks-500,000 per acre of growing maize but it produces more than 50 baskets per acre. Likewise, farmers need to cost more than Ks-500,000 for cultivation of sweet corns which can yield 15,000 cobs per acre.

**SMK**

# Yekyi Township sells 60,000 bags of Pawsan rice to Yangon market

YEKYI November 27

"Local merchants from Yekyi Township of Ayeyawady Region supplied 60,000 bags of Pawsan rice to Yangon market" said Daw Yu Wai, the owner of rice and paddy trading depot in Yekyi Township.

In Yekyi Township,about 60,000 bags of Pawsan rice were delivered and sold to the Yangon market.

"In the past month, we were able to send a large number of Pawsan rice bags to the Yangon market. Our township mainly supplies farm produce to Yangon. Demand for Pawsan rice from Yangon buyers has risen, which boosted our shipments. For this month as well, there are already arrangements for Yangon buyers to purchase large quantities of Pawsan rice. Compared with other rice varieties, both last month and at present, Pawsan rice has seen the most active trade. We are transporting and selling rice through both road and water routes," said Daw Yu Wai.

During the past month, the price of 100 bags of Pawsan rice delivered from Yekyi Township to Yangon was around Ks-12,500,000. With the improvement in rice sales, farmers, traders, carriers, and truck rental service providers have gained employment opportunities.

**SMK**

# Betel leaves in high demand in Hinthada Township

HINTHADA November 27

"Trading of betel leaves is in high demand at the domestic market in Hinthada Township of Ayeyawady Region," said Daw Hla Htay, the owner of betel leave trading commodity in Hinthada Township.

In Hinthada Township, demand for locally produced betel leaves has been strong from the first week of September up to the present, resulting in brisk trade. Daily sales of these local betel leaves are reported to range between 5,000 viss and 7,000 viss.

"Currently, betel leaves are selling well in the local market. The price has reached up to Ks-9,900 per viss. Demand is strong not only locally but also from other regions, which is why sales are good. Betel leaf traders here deliver orders directly to buyers in other areas. There are no difficulties in trading local betel leaves," said Daw Hla Htay.

Betel leaf traders in Hinthada Township are systematically packaging and transporting local betel leaves to other regions. With trade activity increasing, farmers, merchants, trading center owners, and workers are all benefiting.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ten more buildings used for committing online scam and gambling in KK Park phase 3 area demolished and destroyed; authorities start sealing off illegal buildings in Shwe Kokko area

NAY PYI TAW November 27

The Myanmar government is launching clearance operations in illegal buildings and systematically destroying seized materials and buildings used in online scam and gambling in Shwe Kokko and KK Park areas, the major hubs of online scam and gambling, with combined teams including security forces, administrative bodies and local officials.

Its ongoing anti-online scam and gambling mission includes three phases in systematically demolishing and destroying the buildings used in the illegal business in Myawady-Maehtawthalay (KK Park) area, destroying ten more illegal buildings in the phase 3 area today. Up to this date, the combined teams had destroyed 108 illegal buildings in the phase 3 area out of 425, and 256 buildings out of 635 in KK Park area.




An illegally constructed three-storey building in the KK Park area part-3.



A documentary photograph showing a raid against a seven-storey building suspected of accommodating illegal foreigners.

Likewise, the teams started their clearance and investigation operations at two one-storey buildings, 11 two-storey buildings, 42 three-storey buildings, one seven-storey building, two nine-storey buildings, one 17-storey building, totalling 59, which were residential buildings, warehouses, shops, hotels and KTVs, in Shwe Kokko area on 18 November. Although online scammers were not found, 120 phones of various types, 212 computers of various types and accessories were found and seized.

During the operation, which started on 18 November in Shwe Kokko area, the teams exposed 109 illegal buildings till today, and up to now, they had sealed off 21 of them.

Till today, the clearance operations of the combined teams exposed and arrested a total of 2,042 foreigners, who entered Myanmar illegally, and seized and destroyed 3,310 computers, 21,870 cell phones, 102 Starlink dishes, 22 Routers, and a large number of business-related items in Shwe Kokko

See Page - 20 ►►



A documentary photograph showing a raid against a 17-storey building suspected of accommodating illegal foreigners.



A documentary photograph showing a raid against a three-storey building suspected of accommodating illegal foreigners.



A documentary photograph showing a raid against a three-storey building suspected of accommodating illegal foreigners.





နိုဝင်ဘာလ ၂၄ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများလုပ်ဆောင်ခဲ့သည့်နေရာအား ဝင်ရောက်ရှာဖွေစစ်ဆေးဖော်ထုတ်မီးရှို့ဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။





နိုဝင်ဘာလ ၂၅ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများလုပ်ဆောင်ခဲ့သည့်နေရာအား ဝင်ရောက်ရှာဖွေစစ်ဆေးဖော်ထုတ်မီးရှို့ဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။







နိုဝင်ဘာလ ၂၅ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် ကောင်းဟိုင်းကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများလုပ်ဆောင်ခဲ့သည့်နေရာအား ဝင်ရောက်ရှာဖွေစစ်ဆေးဖော်ထုတ်ဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။

⊃ ကျောဖုံးမှအဆက်

၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၂၆ ဦးနှင့် မြန်မာနိုင်ငံသား ၈ ဦးကို အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကျေးသီးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာလ ၂၄ ရက်တွင် ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာ၏ အနောက်မြောက်ဘက် နေရာတစ်ဝိုက်သို့ရောက်ရှိစဉ် မသင်္ကာဖွယ်ရာအဆောက်အအုံများကိုတွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများလုပ်ဆောင်နေသည့်နေရာဖြစ်ကြောင်းတွေ့ရှိရပြီး လုပ်ငန်းလုပ်ကိုင်နေကြသူများအားမတွေ့ရှိရဘဲ အလျား ၄၀ ပေ၊ အနံ ၂၀ ပေ ရှိ ယာယီ လူနေမိုးကာတဲ ၅ လုံး၊ အလျား ၂၀ ပေ၊ အနံ ၁၀ ပေရှိ ယာယီလူနေမိုးကာတဲ ၆ လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ **စာမျက်နှာ ၂၃ သို့ ⊃**



နိုဝင်ဘာလ ၂၆ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် ဝမ်ကျောင်းကျေးရွာအနီး အွန်လိုင်းငွေကြေး လိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာအား ဝင်ရောက်ရှာဖွေစစ်ဆေး ဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။

➲ စာမျက်နှာ ၂၂ မှအဆက်

ယာယီလူနေမိုးကာတဲ ၇ လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ ရေကန် ၃ လုံး၊ ဝက်ခြံ ၅ ခြံ၊ ကင်းတဲ ၈ လုံး၊ စားဖိုဆောင် ၂ လုံး၊ ပလတ်စတစ်ထိုင်ခုံ ၁၅၀ လုံး၊ မှန်တင်ခုံကြီး ၁ လုံး၊ သစ်သားခုံ ၅ ခုံ၊ မော်နီတာ ၂ လုံးနှင့် STARLINK ၁ လုံး တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် နိုဝင်ဘာလ ၂၅ ရက်တွင်မိုင်းနောင်မြို့၏အရှေ့တောင်ဘက် ကောင်းဟိုင်းကျေးရွာအနီး၌ အွန်လိုင်း လိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် ယာယီအဆောက်အအုံများနှင့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများဖြစ်သော အလျားပေ ၇၀၊ အနံပေ ၃၀ ရှိ ယာယီလူနေမိုးကာတဲ ၃ လုံး၊ အလျားပေ ၄၀၊ အနံပေ ၄၀ ရှိယာယီလူနေမိုးကာတဲ ၂ လုံး၊ အလျား ၂၅ ပေ၊ အနံ ၁၅ ပေရှိ ယာယီလူနေမိုးကာတဲ ၁ လုံး၊ အလျားပေ ၂၀၊ အနံ ၁၅ ပေရှိယာယီလူနေမိုးကာတဲ ၂၈ လုံး၊ မီးစက် ၃ လုံး၊ ရေခဲသေတ္တာအသေး ၁ လုံး၊ FREEZER ၁ လုံး၊ AIR COOLER ၅ လုံးနှင့် လန်ခရူဇာမော်တော်ယာဉ် ၁ စီး တို့ကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၂၆ ရက်တွင် မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် ဝမ်ကျောင်းကျေးရွာအနီး၌ အွန်လိုင်း လိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်း ဆောင်ရွက်ရန် ဆောက်လုပ်လျက်ရှိသည့် အလျားပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုးတဲ(လူမနေ) ၁ လုံး၊ အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေရှိ သွပ်မိုးအလုပ်ရုံ ၁ လုံး၊ အလျားပေ ၁၅၀၊ အနံ ၆ ပေ၊ အမြင့် ၈ ပေရှိ သွပ်မိုးအထပ်သားကာ ၁ လုံး၊ အလျား ၁၅ ပေ၊ အနံ ၆ ပေ၊ အမြင့်၈ ပေရှိ သွပ်မိုးအထပ်သားကာ ၁ လုံး၊ အလျားပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုးတဲ(လူမနေ) ၁ လုံး၊ အလျားပေ ၈၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ အမိုးအကာမရှိတဲ ၁ လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုးအထပ်သားကာတဲ ၁ လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ အမိုးအကာမရှိပြိုကျတဲ ၁ လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ မိုးကာမိုးတဲ ၁ လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ မိုးကာမိုးပြိုကျတဲ ၁ လုံး၊ အလျားပေ ၂၀၊ အနံပေ ၁၂၀၊ အမြင့် ၁၅ ပေရှိ မိုးကာမိုးအထပ်သား ဂိုဒေါင် ၁ လုံး၊ အလျားပေ ၂၀ ပတ်လည် သွပ်မိုးအထပ်သားကာ လူနေအိမ် ၁ လုံး၊ အလျားပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိအမိုးမရှိတဲ ၂ လုံး၊ ဂါလန် ၈၀၀ ဆံ့ တိုင်ကီအပြာ ၄ လုံးတို့ကိုလည်းကောင်း၊ မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာ၏တောင်ဘက် နေရာတစ်ဝိုက်အား ထပ်မံ၍ရှင်းလင်းရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား ၂၆ ဦးနှင့် မြန်မာနိုင်ငံသား ၈ ဦး တို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ဖော်ထုတ်ချက်များအရ အဆိုပါ ကျေးရွာအနီး၌ သိုဝှက်သိမ်းဆည်းထားသည့် MA-1 သေနတ် ၁ လက်၊ MA-13 သေနတ် ၁ လက်၊ AK-12 သေနတ် ၁ လက်၊ ကာဘိုင်သေနတ် ၁ လက်၊ WICHESTER 12 V သေနတ် ၁ လက်၊ ၉ မမကျည် ၁၀ တောင့်၊ 12 V ကျည် ၂ တောင့်၊ ၉ မမကျည်အိမ် ၁ ခု၊ AK ကျည်အိမ် ၁ ခုနှင့်ကာဘိုင်ကျည်အိမ် ၁ ခုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သိမ်းဆည်းရမိပစ္စည်းများ၊ ယာယီလူနေအဆောက်အအုံများ၊ နေရာထိုင်ခင်းများအားမီးရှို့ဖျက်ဆီးခဲ့ပြီး ဖမ်းဆီးရမိသူများနှင့် ပါဝင်ပတ်သက်သူများအား စနစ်တကျစိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်ခဲယမ်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုဝင်ဘာလ ၂၆ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် ဝမ်ကျောင်းကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့် နေရာအား ဝင်ရောက်ရှာဖွေစစ်ဆေး ဖော်ထုတ်ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



ဖမ်းဆီးရမိခဲ့သည့် မြန်မာနိုင်ငံသား ၈ ဦးအားတွေ့ရစဉ်။



ဖမ်းဆီးရမိခဲ့သည့် တရုတ်နိုင်ငံသား ၂၆ ဦးအားတွေ့ရစဉ်။







သိမ်းဆည်းရမိခဲ့သည့် လက်နက်ခဲယမ်းများအားတွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  နိုဝင်ဘာ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၂ ရက်**တွင် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ လယ်ဝေးမြို့နယ်၊ ပတ္တာကျေးရွာ၌ တရားမဝင်ကျွန်းသစ် (၁ဒသမ ၈၁၅)တန်၊ အခြားသစ်(၃ဒသမ၃၀၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ်၁၆၅၂၄၀)ကိုသစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၂၄၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၁ ရက်**တွင် မြစ်ကြီးနားမြို့နယ်၊ အင်ဂျန်ဒုံရပ်ကွက်၊ အမှတ်(၃၁၈)ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၂ ရက်**တွင် ယင်းမာပင်မြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၂၇၂)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၉၀၇၂)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၂ ရက်**တွင် မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် ပြင်ဦးလွင်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁၇)စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အမရပူရမြို့နယ်၊ တောတွင်းကျေးရွာအုပ်စု၊ ရွှေလရောင်ဆန်စက်အနီး၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃၅)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၆၀၄၂၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၃)စီး၊ Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၁၀၄၂၀၀)**ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင်မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၄ ရက်**တွင် သထုံမြို့နယ်အတွင်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် အခြားသစ် ( သုည ဒသမ ၆၆၀) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၄၀၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Toyota Probox (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၃၀၁၅၈၄၀၀)** ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၃ ရက်နှင့် ၂၄ ရက်**တို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၀၀၀၀၀)ကိုလည်းကောင်း၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်ရှောင်ကွင်းလမ်းအနီး၌ မော်တော်ယာဉ် (၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း (၉)မျိုး၊ စားသောက်ကုန် (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၀၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Regius (၁)စီး၊ Nidi Micro Bus (၁)စီး၊ Toyota Hiace (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Foton Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၉၃၅၀၀)ကိုလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၅၆၉၇၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။




ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

၂၀၂၅ ခုနှစ် **နိုဝင်ဘာလ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ်၁၀၃၇၈၅၄၄၁၂)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့်၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော်  နိုဝင်ဘာ ၂၇**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခုနစ်ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၅ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ခြောက်ရက်မှ ၁၅ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁ ပေခွဲမှ ၃ ပေခန့်၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ ၆ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေခွဲမှ ၃ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၂ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၁ ပေခွဲခန့်နှင့် ပဲခူးမြို့တွင် ၂ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

# မြစ်ကြီးနားမြို့နှင့် ဒလမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကိုတာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။

နေပြည်တော် နိုဝင်ဘာ ၂၇

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ခေမာသီရိကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ဒလမြို့နယ်၊ အုံ့ကြီးအနောက်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၅ ပါးနှင့် ဒေသခံပြည်သူ ၁၆၆ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဓမ္မသီတလဓမ္မာရုံ၌ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ခေမာသီရိကျောင်းတိုက်မှ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အုံ့ကြီးကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော သံဃာတော်များအား ကြည့်ရှုအားပေး




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးက ဆေးရုံအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်အလှူငွေများပေးအပ်လှူဒါန်းစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုနှင့် ဆေးဝါးကုသမှုအခြေအနေများကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၇˚c | / | ၃၀˚c |
| ရန်ကုန် | ၁၈˚c | / | ၃၀˚c |
| မန္တလေး | ၁၆˚c | / | ၃၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီ(၇/၂၀၂၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ၏ (၇/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၂)၌ ပြုလုပ်ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။




ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီ၏ (၇/၂၀၂၅) လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ မဲစာရင်းပြည့်စုံမှန်ကန်စေရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီတွဲဖက်အတွင်းရေးမှူး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးက (Video Conference)ဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက မဲစာရင်းပြည့်စုံတိကျမှန်ကန်စေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

**❐ ကျောဖုံးမှအဆက်**

မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျဖြိုချ ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၀၈ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေ





တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၃ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၇ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၃ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာလ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၀၉ လုံးကိုတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ယနေ့တွင် စတင်ဆောင်ရွက်ကြရာ အဆောက်အအုံ ၂၁ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့် အွန်လိုင်းလိမ်လည်

အတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၅၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာလ ၁၈ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ လူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ ဈေးဆိုင်ခန်းများ၊ ဟိုတယ်များနှင့် ကေတီဗွီများဖြစ်သော ၁ ထပ် အဆောက်အအုံ ၂ လုံး၊ ၂ ထပ်အဆောက်အအုံ ၁၁ လုံး၊ ၃ ထပ် အဆောက်အအုံ ၄၂ လုံး၊ ၇ ထပ်အဆောက်အအုံ ၁ လုံး၊ ၉ ထပ်အဆောက်အအုံ ၂ လုံးနှင့် ၁၇ ထပ်အဆောက်အအုံ ၁ လုံး၊ စုစုပေါင်း



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၉ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၁ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၂ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။




လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀ လုံး၊ မိုဘိုင်းဖုန်း ၂၁၈၇၀ လုံး၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါနယ်မြေများ၌ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် **စာမျက်နှာ ၂၈ သို့ ❐**

တရားမဝင်အဆောက်အအုံ ၅၉ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ဖုန်းမျိုးစုံ ၁၂၀ လုံး၊ ကွန်ပျူတာမျိုးစုံ ၂၁၂ လုံးနှင့် အသုံးအဆောင်ပစ္စည်းများကို စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများဆောင်ရွက်ရာတွင်






# ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) များနှင့်အညီထုတ်လုပ်ခြင်းဖြင့် ထုတ်ကုန်အရည်အသွေးမြင့်မားရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြား

နေပြည်တော် နိုဝင်ဘာ ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သဇင်ရေကျော်ရွာရှိ ဦးအောင်ဆွေဦး၏ ငါးမွေးမြူရေးကန်သို့ရောက်ရှိပြီး ငါးမွေးကန် ၄၁၅ ဒသမ ၉၃ ဧကတွင် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးကြင်းစုစုပေါင်းကောင်ရေ ၈၇၅၀၀၀ ထည့်သွင်းမွေးမြူထားရှိမှုနှင့် ဘရာမန်အသားတိုးနွားနှင့် ဖရစ်ရှန်နွား ၃၁ ကောင်မွေးမြူထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသနေပြည်သူများ ငါးသယံဇာတများကို အခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းနှင့်ဝင်ငွေရရှိရေးတို့အတွက် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးဝင်းနိုင်၏ ဥစားကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ဒေသထွက်အစာကုန်ကြမ်းများဖြင့် ကြက်အစာကိုယ်တိုင်ကြိတ်ခွဲထုတ်လုပ်နေမှုကိုလည်းကောင်း၊ ဥစားကြက်အကောင်ရေ ၃၀၀၀၀ မွေးမြူထားရှိမှုအခြေအနေများကို လည်းကောင်း၊ လိုက်လံကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရန်အတွက် တိုးချဲ့မွေးမြူနိုင်ရေး ဆွေးနွေးမှာကြားသည်။

အလားတူ မအူပင်မြို့နယ် ထနီးကျေးရွာရှိ ဦးမျိုးမင်းလှိုင်၏ဓနလှိုင်ကုမ္ပဏီသို့ရောက်ရှိပြီး ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးခေါင်းပွနှင့် ရွှေဝါငါးကြင်းမျိုးငါးများ မွေးမြူထားရှိမှု၊ ငါးသားပေါက်များဒေသတွင်းဖြန့်ဖြူးပေးနေမှုနှင့် ငါးအကောင်ရေ ၁၂ သိန်းမွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသခံမွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပို့ကုန်တိုးမြှင့်ရေးနှင့် ရေရှည်တည်တံ့သော ထုတ်လုပ်မှုဖြစ်စေရေးအတွက် မွေးမြူထုတ်လုပ်မှုတိုးချဲ့ရေး၊ ကောင်းမွန်သောငါးမွေးမြူရေးစနစ် GAqP (ဂျီအေကျူပီ) လိုက်နာကျင့်သုံးကြစေလိုကြောင်း၊ ဒေသခံများဦးစားပေးလုပ်ကိုင်နိုင်ရေး၊ လုပ်ငန်းရှင်များရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေးတို့ကိုလည်း စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပဝင်ငွေတိုးမြှင့်ရေးကြိုးပမ်းဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ကျောင်းကုန်းမြို့နယ် ကန်ကလေးကျေးရွာရှိ ဦးဟိန်းဇာနည်၏ ဥစားကြက်အကောင်ရေ ၁၇၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အစာကျွေးမွေးမှု၊ စနစ်တကျဖြစ်စေရေး အာဟာရပြည့်ဝစေမှုအပါအဝင် မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ သဘာဝအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းပြီး ဒေသတွင်းကူးစက်ရောဂါများမဖြစ်ပွားစေရေးနှင့် အသားကဏ္ဍထုတ်လုပ်မှုတိုးတက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# နယ်စပ်ရေးရာဝန်ကြီးဌာနက မန္တလေးတိုင်းဒေသကြီးအတွင်း သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေး



နေပြည်တော် နိုဝင်ဘာ ၂၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ရေရှားပါးသည့်နေရာများတွင်လည်း စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် သာယာအေးရပ်ကွက်အတွင်းရှိ ချမ်းမြေ့အောင်စည်ကျောင်းတိုက်နှင့် ရပ်ကွက်နေပြည်သူများလိုအပ်လျက်ရှိသည့် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း (တွင်းနက်) တူးဖော်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ခုတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ကြီးကြပ်မှုဖြင့် အဆိုပါရေရရှိရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ချမ်းမြေ့အောင်စည်ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ရပ်ကွက်နေပြည်သူလူထုများအနေဖြင့် ယခင်က ပြင်ပမှ သောက်သုံးရေဝယ်ယူအသုံးပြုရသည့် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသော်လည်း ယခုအခါ အချိန်မရွေး သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာ ရရှိအသုံးပြုနိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် များစွာဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်းသိရသည်။ **မြဝတီ**

❒ စာမျက်နှာ ၂၇ မှအဆက်

ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ်၊ ပူလွဲပူကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိအဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့မှစစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား **၁၉၅** ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၁၂၈၈၂ ဦးထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည့်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)


## အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၂၇


ယနေ့နံနက် ၁၁ နာရီ ၂၆ မိနစ် ၂၈ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် ၉၆၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Northern Sumatra, Indonesia)၊ မြောက်လတ္တီတွဒ် ၂ ဒသမ ၈၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၀ ဒီဂရီ၊ အနက် ၃၉ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**








# ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ”၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟုသတ်မှတ်




နေပြည်တော် နိုဝင်ဘာ ၂၇

**ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ” (DITWAH) အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ် (Deep Depression)သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ”(DITWAH) အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(Coco Island)၏ အနောက်တောင်ဘက် ရေမိုင် ၈၀၀ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့ (Tricomalee)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၁၀ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့ (Puducherry)၏တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၃၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ” သည်ညနေ ၅ နာရီခွဲတွင်မြောက်လတ္တီတွဒ် ၆ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၁ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက်နာရီ ၆၀ အတွင်းခန့်မှန်းချက်**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ” သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်းကမ်းခြေဒေသများနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့ကို ဖြတ်ကျော်နိုင်ကာ အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”၏ အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ” ၏အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅ သန်းကျော်ဖမ်းဆီးရမိ




တရားခံ အောင်ကြည်၊ ကျော်သူထိုက်၊ ကျော်ကျော်မြိုင်(ခ)ကျော်ကြီးနှင့် ဝေယျာစိုး(ခ)ကိုတိုးတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊နောင်ချိုမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့သို့ သယ်ဆောင်ရောင်းဝယ်မည့် ငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅သန်းကျော်ကို နိုဝင်ဘာလ ၆ရက်ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်ချောကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရှိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၆ ရက်နေ့ ညနေ ၄ နာရီ မိနစ် ၃၀ ခန့်တွင် ပုသိမ်ကြီးမြို့နယ်၊ ကျောက်ချောကျေးရွာအနီး၌ သတင်းအရစောင့်ဆိုင်းစဉ်ပြင်ဦးလွင်မြို့ဘက်မှမန္တလေးမြို့ဘက်သို့ကျော်သူထိုက်မောင်းနှင်လာသော TOYOTA DYNA မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှဘိန်းဖြူ၅၅ ကီလို(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၇၅ ဘီလီယံ)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၈ သန်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၂ ဘီလီယံ) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၉၉၅ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများအား သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ အောင်ကြည်အား နိုဝင်ဘာလ ၇ ရက် နံနက် ၁၁ နာရီ မိနစ် ၃၀ ခန့်တွင် မတ္တရာမြို့နယ်၊ ကပိုင်ကျေးရွာ၌လည်းကောင်း၊ တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်မြိုင်(ခ)ကျော်ကြီးအား နိုဝင်ဘာလ ၁၄ ရက်ည ၆နာရီခန့်တွင်အမရပူရမြို့နယ်၊ မြစ်ငယ်တံတားအနီး၌လည်းကောင်း၊ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဝေယျာစိုး(ခ)ကိုတိုးအားနိုဝင်ဘာလ ၁၆ရက် နံနက်၈ နာရီ မိနစ်၃၀ ခန့်တွင်ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများအား သယ်ဆောင်ခိုင်းသူမှာ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)နေ မောင်ငယ်(ခ)စိုင်းမောင်ငယ်(ဖမ်းဆီးရန်ကျန်) ဖြစ်ပြီး နောင်ချိုမြို့နယ်မှမန္တလေးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်းနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# အားကောင်းသောမုန်တိုင်းငယ် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပိုမိုအားကောင်းလာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၇

**အားကောင်းသော မုန်တိုင်းငယ် အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ အင်ဒိုနီးရှားနိုင်ငံ အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်(Deep Depression)သည် အရှေ့ဘက်သို့ရွေ့လျားခဲ့ပြီး မလက္ကာရေလက်ကြားသို့ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ ကော့သောင်းမြို့(Kawthaung)၏ တောင်ဘက်ရေမိုင်၃၈၀ မိုင်ခန့်၊ မလေးရှားနိုင်ငံ ပီနန်မြို့(Penang)၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၁၁၀ မိုင်ခန့်နှင့် အင်ဒိုနီးရှားနိုင်ငံ ကူတာမတ်ကွာမြို့(Kuta Makmur)၏ အရှေ့တောင်ဘက် ရေမိုင် ၁၇၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။


အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ဗဟိုချက်လေဖိအားနှင့်လေတိုက်နှုန်း**

အဆိုပါအားကောင်းသော မုန်တိုင်းငယ်သည် ညနေ ၃ နာရီခွဲတွင် မြောက်လတ္တီတွဒ် ၃ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက်နာရီ ၆၀ အတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်ခြောက်နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပိုမိုအားကောင်းလာနိုင်သည်။ ထိုမှတစ်ဆင့် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေတို့သို့ ဦးတည်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။




**(မိုး/ဇလ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အမျိုးသားကင်ဆာရောဂါကုသရေးဌာနဝင်းအတွင်းတွင် (Mobile van)ဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် တန်ဖိုးသင့်ဈေးနှုန်းဖြင့်ဝယ်ယူနိုင်မည့် အစားအသောက်များရောင်းချရန် မြေနေရာငှားရမ်းလိုပါက စိတ်ပါဝင်စားသည့်ပြည်ထောင်စုမြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၆-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် - ၉-၁၂-၂၀၂၅(အင်္ဂါနေ့)
နေ့ရက်/အချိန် (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အစုရှယ်ယာလျှော့ချခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ "UNITED FRIENDS ABILITIES COMPANY LIMITED" ဒါရိုက်တာ၏ အစုရှယ်ယာရှင်အစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ငွေအား သိန်း 150,000,000/-(ကျပ်သိန်းတစ်ထောင့်ငါးရာတိတိ)မှ ကျပ်သိန်း 35,000,000/-(ကျပ်သိန်းသုံးရာ့ငါးဆယ်တိတိ)သို့ လျှော့ချသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**UNITED FRIENDS ABILITIES CO.,LTD**
**TIN WIN AUNG**

## အစုရှယ်ယာလျှော့ချခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ"HTOO PYAE PYAE SONE CONSTRUCTION COMPANY LIMITED" ဒါရိုက်တာ၏အစုရှယ်ယာရှင်အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ငွေအား သိန်း 500,000,000/-(ကျပ်သိန်းငါးထောင်တိတိ)မှ ကျပ်သိန်း 30,000,000/-(ကျပ်သိန်းသုံးရာတိတိ)သို့ လျှော့ချသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**HTOO PYAE PYAE SONE COSTRUCTION CO.,LTD**
**THEIN THAN WIN**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဘိလပ်မြေ/သံချောင်းလုံးအရှယ်စုံ/HDPE ပိုက်နှင့်ပိုက်ဆက်ပစ္စည်း | ၅၀၇၀၀၀ အိတ် /၈၇ တန်/ 1 Lot |
| (ခ) | ၆"x ၉"/ မြစ်ကျောက်စရစ်/မြစ်သဲကြမ်း | ၃၂၂ ကျင်း/၁၂၁၆၀ ကျင်း/ ၅၈၅၀ ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၁၁-၂၀၂၅ ရက်နေ့မှစ၍ရောင်းချမည်ဖြစ်ပြီး ၄-၁၂-၂၀၂၅ ရက်နေ့(၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

Company Registration No.116607158

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ
## ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ MAHA RANI COMPANY LIMITED အား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်(၂၄-၁၁-၂၀၂၅)ရက်နေ့၌ ကုမ္ပဏီ၏မှတ်ပုံတင်ရုံးခန်းတွင်ကျင်းပပြုလုပ်သော အထူးအထွေထွေအရပ်ရပ်အစည်းအဝေးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော့မောင် B.A.C.P.A.L.C.M.A(Part II London) အမှတ်-၃၊ ၁၀၅လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်ခန့်အပ်ရန် ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်ရှိသူမြီရှင်များနှင့် ကုမ္ပဏီအား ပေးရန်ရှိသူမြီစားများသည် ဤကြော်ငြာချက်ပါရှိသည့်နေ့မှ တစ်လအတွင်း တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံဆက်သွယ်၍ ခိုင်မာတိကျသောအထောက်အထားများတင်ပြရန် ကြေညာအပ်ပါသည်။

**KYAWT MG**
**B.A.,C.P.A.,R.A.,L.C.M.A,**
**PART II (LONDON)**
**Certified Public Accountant & Auditor**

**Daw Zar Chi Mon**
**Managing Director**
**Maha Rani Co.,Ltd**

**ပျောက်ဆုံးကြောင်း**

ကျော်သူအောင်(ဘ)ဦးသန်းလွင် ၁၂/လမန(နိုင်)၁၄၃၃၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

EXECUTIVE IXORA CO.,LTD.

## {လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅(ခ) အရ}
## အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းသည့်နောက်ဆုံးအစည်းအဝေး
## Final Meeting for Dissolution တက်ရောက်ရန်ဖိတ်ကြားခြင်း

အထက်ဖော်ပြပါကုမ္ပဏီမှတ်ပုံတင်အမှတ် 119326419 အား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးကျင်းပသည့်အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၉)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် အောက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးကျော်ခိုင်လင်း၏ရုံးခန်းလိပ်စာ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြ၍ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**U Kyaw Khine Lin**
**Certified Public Accountant**
**Liquidator**
**Member of Myanmar Association of Insolvency Practitioners**
**Building F, Room 12/4, Pearl Condo,**
**Kabar Aye Pagoda Road, Bahan Township, Yangon, Myanmar.**

JZOO COMPANY LIMITED

## {လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅(ခ) အရ}
## အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းသည့်နောက်ဆုံးအစည်းအဝေး
## Final Meeting for Dissolution တက်ရောက်ရန်ဖိတ်ကြားခြင်း

အထက်ဖော်ပြပါကုမ္ပဏီမှတ်ပုံတင်အမှတ် 101975819 အား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးကျင်းပသည့်အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၉)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် အောက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးကျော်ခိုင်လင်း၏ရုံးခန်းလိပ်စာ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြ၍ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**U Kyaw Khine Lin**
**Certified Public Accountant**
**Liquidator**
**Member of Myanmar Association of Insolvency Practitioners**
**Building F, Room 12/4, Pearl Condo,**
**Kabar Aye Pagoda Road, Bahan Township, Yangon, Myanmar.**

### ပျောက်ဆုံးကြောင်း
မောင်မြင့်ကျော်(ဘ)ဦးကြွက် ၉/ရမသ(နိုင်)၁၃၄၈၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဌေးဌေးကြူ(ဘ)ဦးဌေးကြိုင် ၁၂/ကမန(နိုင်)၁၀၃၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၄၂၅၆၀၁၂**

### ပျောက်ဆုံးကြောင်း
ကျွန်မ မမေဇင်ချစ်(ဘ)ဦးချစ်ပေါ ၁၂/လသယ(နိုင်)၀၃၈၇၉၂ ကိုင်ဆောင်သူ ပိုင်ဆိုင်သော မော်တော်ယာဉ်အမှတ် 3E-6170(MAZDA-TITAN) နှင့်ပတ်သက်သောစာရွက်စာတမ်းများသည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ **ပေးပို့သူအား ကျေးဇူးဆပ်ပါမည်။**
မမေဇင်ချစ် ၀၉-၄၅၀၄၀၉၃၉၅

### ပျောက်ဆုံးကြောင်း
ဖြိုးဝေဇင်(ဘ)ဦးသက်စိုး ၁၂/ဗဟန(နိုင်)၁၀၃၄၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 361808)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၀၀၆၈၉၀၄**

### ပျောက်ဆုံးကြောင်း
ဒါဒီကစ္စနားရောင်း(ဘ)ဦးဒီဆမားချာလန် ၁၂/ဗတထ(ပြု)၀၀၀၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၀၀၀၉၆**

### ပျောက်ဆုံးကြောင်း
ဇေယျာမျိုးဟိန်း(ဘ)ဦးညွန့်ရွှေ ၁၂/တမန(နိုင်)၁၃၅၆၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မြတ်သီဂီ(ဘ)ဦးသိန်းဝင်း ၁၂/ဥကမ(နိုင်)၂၈၈၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ကိုကျော်သူ(ဘ)ဦးမာယာကရိုရှနား ၈/အလန(နိုင်)၁၄၁၄၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 901065)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
စုသက်ဝါ(ဘ)ဦးတင်ညွန့် ၈/မကန(နိုင်)၂၄၂၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### တစ်ဦးတည်းဖြစ်ကြောင်း
ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သီရိလမ်း၊ ဝန်ထမ်းအိမ်ရာနေ ဦးစသိန်းကျော် ၁၄/ပသရ(နိုင်)၀၃၇၄၉၆ ၏ဖခင် ဦးမန်းအောင်ကျော်စိန်(ခ)ဦးကျော်စိန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမန်းအောင်ကျော်စိန်(ခ)ဦးကျော်စိန်**

### အမည်မှန်
ဘားအံမြို့နယ်၊ ပြည့်စုံပညာရတနာမိုး(ကိုယ်ပိုင်အထက်တန်းကျောင်း)၊ Grade-5 မှ အဘ ဦးအောင်မြဦး ၃/ဖပန(နိုင်)၀၁၉၃၄၂ ၏သမီးအိဖြူဇင်၏အမည်မှန်မှာ နန်းအိဖြူစင်ထက် ဖြစ်ပါကြောင်း။ **နန်းအိဖြူစင်ထက်**

### ဖခင်အမည်မှန်
ဘားအံမြို့နယ်၊ အ.ထက(၃)Grade-11 အခန်း(C) မှ မနှင်းနန္ဒာဝေ၏ဖခင် ဦးသိန်းဇော်မင်း၏အမည်မှန်မှာ ဦးသိန်းဇော် ၃/ဘအန(နိုင်)၅၆၈၁၄၇ ဖြစ်ပါကြောင်း။
**ဦးသိန်းဇော်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဘားအံမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဆေးရုံလမ်းနေ နော်ဆဲပွယ်ဖော ၃/ဖပန(နိုင်)၀၀၀၉၈၅ ၏ဖခင် ဦးစောလာစော(ခ)ဦးလာစောမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးစောလာစော(ခ)ဦးလာစော**

### ပျောက်ဆုံးကြောင်း
ခင်နွယ်အေး(ဘ)ဦးဟုန်ဟ ၁၄/ဝခမ(နိုင်)၀၁၆၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၈၃၂၁၀၂၀၈**

### ပျောက်ဆုံးကြောင်း
ဝမ်ဖျင်ဆင်း(ဘ)ဦးရန်ကြားဂျင် ၁၃/ကခန(နိုင်)၀၈၉၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
အေးမောင်(ဘ)ဦးပါကျွန်း ၇/ကဝန(ပြု)၀၀၂၃၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မိအေးဝင်း(ဘ)ဦးကျော်ဝင်း ၃/ဘအန(နိုင်)၁၃၅၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၆၉၈၅၂၉၇၃**

### အမည်ပြောင်း
ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ကဝမြို့နယ်၊ အ.ထ.က(ခွဲ)ကံတော်ကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော အဘ ဦးခင်မောင်စန်း၏သား မောင်ဖိုးသောကြာအား မောင်ဟိန်းသီစိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းသီစိုး**

### ပျောက်ဆုံးကြောင်း
ဇင်ဖြူထွေး(ဘ)ဦးအတူး ၁၂/ဥကတ(နိုင်)၂၁၄၀၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
တလုံယောင်း(ဘ)ဦးလိုင်ထန် ၄/မတပ(နိုင်)၀၀၂၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၄၄၃၁၈၅၄**

### ပျောက်ဆုံးကြောင်း
ကျော်ကျော်ဇင်(ဘ)သန်းညွန့် ၈/ကမန(နိုင်)၀၄၆၀၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၈၀၇၄၆၀၉၂**

### ပျောက်ဆုံးကြောင်း
မျိုးခိုင်(ဘ)ဦးခင်သန်း ၈/ပမန(နိုင်)၀၈၁၄၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၁၇၂၂၀၂၀**

### ပျောက်ဆုံးကြောင်း
ဝဏ္ဏ(ဘ)ဦးညိမ်းကြိုင် ၁၂/သဃက(နိုင်)၁၂၈၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၈၆၁၈၉၁၈**

### ပျောက်ဆုံးကြောင်း
သိန်းဇော်(ဘ)ဦးဗိုလ်ထွန်း ၁၁/စတန(နိုင်)၀၆၈၁၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
သုတာစာရ(ဘ)ဦးဝင်းသိန်း ၅/စကန(သ)၀၀၈၃၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၇၃၀၀၇၁၉**

### ပျောက်ဆုံးကြောင်း
ကျော်ဇင်အောင်(ဘ)ဦးစိုးကြည် ၇/ဝမန(နိုင်)၁၅၆၈၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၈၆၁၁၇၀၀**

### ပျောက်ဆုံးကြောင်း
ချစ်သဲ(ဘ)ဦးအေးလှိုင် ၁၄/ညတန(နိုင်)၂၃၇၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၈၇၈၁၅၆၆၄**

### ပျောက်ဆုံးကြောင်း
ရွှေရည်ဝင်း(ဘ)ဦးဝင်းကြူ ၁၂/ရကန(နိုင်)၀၇၃၆၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၃၉၉၇၅၆၆**

### ပျောက်ဆုံးကြောင်း
ရဲကိုကို(ဘ)ဦးစံဘူနတ် ၇/တငန(နိုင်)၂၂၈၅၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ.ထ.က(ကိုးပင်)ကျောင်း Grade-10 သင်ဆဲမှ မလှိုင်ထက်နေခြည်နွေး၏ဖခင် ဦးအောင်နိုင်ဝင်း၏ အမည်မှန်မှာ ဦးအောင်နိုင်မြင့် ၈/တတက(နိုင်)၀၀၁၄၄၁ ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်မြင့်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(ခွဲ)၊ မိုးထိကျောင်း Grade-11 သင်ဆဲမှ မောင်ညီညီအောင်၏ဖခင် ဦးသန်းမိုး၏အမည်မှန်မှာ ဦးသံမိုး ၈/တတက(နိုင်)၀၁၅၃၀၉ ဖြစ်ပါကြောင်း။ **ဦးသံမိုး**

### ပျောက်ဆုံးကြောင်း
မသန္တာလွင်(ဘ)ဦးဌေး ၉/မဟမ(နိုင်)၀၂၂၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 538489)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၇၇၀၈၈၁၇**

### ပျောက်ဆုံးကြောင်း
ဦးရိုကျင်းဖန်း(ဘ)ဦးရှိုလျန်စီ ၁၃/ကခန(နိုင်)၀၃၁၉၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 858557)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၇၇၀၈၈၁၇**

### ပျောက်ဆုံးကြောင်း
ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်းနေ သန္တာဆွေ(ဘ)ဦးခင်မောင်ဆွေ ၁၂/ကမတ(နိုင်)၀၈၅၆၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၉၁၇၅၆၅၉**

### ပျောက်ဆုံးကြောင်း
မြစ်ကြီးနားမြို့နေ မဂရေ့စ်ခေါင်နော(ဘ)ဦးလွမ်းခေါင်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၂၂၆၆၅၃**

### ပျောက်ဆုံးကြောင်း
ဖြူးမြို့နေ ရဲလွင်ဦး(ဘ)ဦးဝင်းဦး ၇/ဖမန(နိုင်)၁၈၅၁၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 558137)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ မောင်မင်းမင်းဦး(ဘ)ဦးတင်မြင့် ၇/ပခန(နိုင်)၁၉၂၇၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၂၁၅၆၁၂၅**

### ပျောက်ဆုံးကြောင်း
မြိတ်မြို့၊ မြို့မ(၁)ရပ်နေ နိုင်နိုင်စိုး(ဘ)ဦးလေးတင် ၆/မမန(နိုင်)၁၅၉၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 165040)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၁၁၇၃၅၅၄**

### ပျောက်ဆုံးကြောင်း
ဝေကွမ်းဟုံ(ဘ)ဦးဝေလောက်ဝူ ၁၃/လကန(နိုင်)၀၀၄၇၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၈၃၇၂၈၇၆**

**အလိမ္မာစာမှာရှိ**


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥဿုံပန်းအဝိုင်းအနီး၊ဇေယျသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၀၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေစုဘဏ်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ချေးငွေများထုတ်ချေးခြင်း
ဘဏ်အာမခံလုပ်ငန်းများ ဆောင်ရွက်ခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
အပ်ငွေစာရင်းနှစ်မျိုး ချိတ်ဆက်ပေးခြင်း
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER ) (၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း – ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း – ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း – ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

❖ **ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP-Mixed Member Proportion System) ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ် . . .**

( နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး ( MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နိုဝင်ဘာလ ၂၆ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် ဝမ်ကျောင်းကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာအား ဝင်ရောက်ရှာဖွေစစ်ဆေးဖော်ထုတ်ဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။



နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၂၄ ရက်၊ **စာမျက်နှာ ၂၂ ကော်လံ ၁ ➲**

## အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၇

၂၀၂၆ ခုနှစ်အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုဝင်ဘာလ ၂၂ ရက်မှ ၃၀ ရက်အထိ လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာလ ၂၈ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် အိုမန် U -17 အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ မြဝတီ

## နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကြားနာစစ်ဆေးဆဲ အမှုများကိုပိတ်သိမ်း

စာ - ၇ သို့

# KK Park အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအား စတင်ချိပ်ပိတ်သိမ်းဆည်း

နေပြည်တော် နိုဝင်ဘာ ၂၇


မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် **စာမျက်နှာ ၂၇ ကော်လံ ၁ ❐**



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၁၇ ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257